# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၃၂၁)


## မမေ့မလျော့ခြင်း

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။
မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။
မမေ့မလျော့သော သူတို့သည် သေသည် မမည်ကုန်။
မေ့လျော့သော သူတို့သည် သေသည်မည်ကုန်၏။

အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းတို့ ဒုတိယကမ္ဘာစစ်ကာလအတွင်း တိုက်ပွဲဝင်ခဲ့ကြသည့် "မြန်မာ့စစ်သည်တော် မဟာမိတ်များ" အမည်ရှိ အထိမ်းအမှတ်ရုပ်တုရှေ့၌ ဂုဏ်ပြုပန်းစည်းများချ၍ အလေးပြုကြစဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Patriot Park ပန်းခြံအတွင်း၌ ဒုတိယကမ္ဘာစစ်အတွင်း တိုက်ပွဲဝင်ခဲ့သည့် မြန်မာ့စစ်သည်တော် မဟာမိတ်များအမည်ရှိ အထိမ်းအမှတ်ရုပ်တု ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၂၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားတပ်မတော် ပင်မဘုရားရှိခိုးကျောင်းတော်ကြီး Main Cathedral of the Armed Forces တည်ရှိရာ မော်စကိုခရိုင် ကူဘင်ကာမြို့ မျိုးချစ်ပန်းခြံ Patriot Park အတွင်း၌ ဒုတိယကမ္ဘာစစ်ကာလအတွင်း တိုက်ပွဲဝင်ခဲ့ကြသည့် "မြန်မာ့စစ်သည်တော် မဟာမိတ်များ" အမည်ရှိ အထိမ်းအမှတ်ရုပ်တုဖွင့်ပွဲကို ဩဂုတ် ၁၄ ရက်တွင် ကျင်းပပြုလုပ်သည်။ စာမျက်နှာ ၃ ကော်လံ ၁ ❖

## နိုင်ငံခြားသုံးငွေ ကိုင်ဆောင်မှုနှင့်စပ်လျဉ်း၍ ကြေညာချက်

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၉ အရ နိုင်ငံတော်တွင် နိုင်ငံခြားသုံးငွေရောင်းဝယ်မှု လုပ်ငန်းများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူများကသာ ဆောင်ရွက်ခွင့်ရှိပြီး နိုင်ငံခြားသုံးငွေ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရရှိသူများသည် နိုင်ငံခြားငွေ ငွေသားနှင့် ခရီးသွားချက်လက်မှတ်များကိုသာ ရောင်းဝယ်ခွင့်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၃၀-၉-၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ အမှတ် ၇/၂၀၁၄ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းအပိုဒ် ၁၅ တွင် "ပြည်တွင်း၌နေထိုင်သူတစ်ဦးသည် တရားဝင်နည်းလမ်းဖြင့်ရရှိထားသည့် အမေရိကန်ဒေါ်လာ ၁၀,၀၀၀/- အထိ သို့မဟုတ် ယင်းနှင့်ညီမျှသော ငွေထက်မပိုသော နိုင်ငံခြားငွေများကို လက်ခံရရှိသည့်နေ့မှ ၆ လ အတွင်း ကိုင်ဆောင်ခွင့်ရှိသည်။ ယင်း ၆ လ ကာလကျော်သည်အထိ အသုံးမပြုဘဲရှိနေသည့် စာမျက်နှာ ၄ ကော်လံ ၁ ❍

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၀ - ၈ - ၂၀၂၃

| | | | | |
|---|---|---|---|---|
| ပူတာအိုမြို့ | ၄ | ဒသမ | ၆၁ | လက်မ |
| လောင်းလုံးမြို့ | ၃ | ဒသမ | ၂၇ | လက်မ |
| ခရမ်းမြို့ | ၃ | ဒသမ | ၀၃ | လက်မ |
| ကွမ်းခြံကုန်းမြို့ | ၁ | ဒသမ | ၄၂ | လက်မ |
| ညောင်တုန်းမြို့ | ၁ | ဒသမ | ၃၅ | လက်မ |
| ပဲခူးမြို့ | ၁ | ဒသမ | ၁၈ | လက်မ |
| တမူးမြို့ | ၀ | ဒသမ | ၉၈ | လက်မ |

**ယနေ့ မာ တိ ကာ**


အောင်ခြင်းနိမိတ် အခေါ် ဘုမိဇသ မုဒြာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် — ဆောင်းပါး — စာ ၆

လူ့အခွင့်အရေးနှင့် ကိုယ်ရေးကိုယ်တာ အချက်အလက်ကို ကာကွယ်ရန် ဂျီ - ၂၀ စီးပွားရေးဝန်ကြီးများ ကတိပြု — နိုင်ငံတကာသတင်း — စာ ၁၃

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၀၆၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ — ပြည်တွင်းသတင်း — စာ ၁၅

## ယိုင်နဲ့သွားမည်မဟုတ်သည့် ညီရင်းအစ်ကိုပမာစိတ်ဓာတ်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရုရှားတပ်မတော် ပင်မဘုရားရှိခိုးကျောင်းတော်ကြီးတည်ရှိရာ မော်စကိုခရိုင်၊ ကူဘင်ကာမြို့ မျိုးချစ်ပန်းခြံအတွင်း၌ ဒုတိယကမ္ဘာစစ်ကာလက တိုက်ပွဲဝင်ခဲ့ကြသည့် “မြန်မာ့စစ်သည်တော်မဟာမိတ်များ” အမည်ရှိ အထိမ်းအမှတ်ရုပ်တုကို ဩဂုတ် ၁၄ ရက်တွင် ဖွင့်လှစ်လိုက်သည်။ အဆိုပါအထိမ်းအမှတ်ရုပ်တုကို စိုက်ထူခြင်းသည် ယခုနှစ်တွင် ကျရောက်သည့် ရုရှား-မြန်မာသံတမန်ဆက်ဆံရေး (၇၅) နှစ်ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ ပိုမိုတောင့်တင်းခိုင်မာလာမည်ကို ထုတ်ဖော်ပြသခြင်း၊ ရုရှားနှင့်မြန်မာတို့ပူးပေါင်းကာ ဖက်ဆစ်တို့ကို တော်လှန်ခဲ့ကြသည်ကို ပြန်လည်အမှတ်ရနေစေမည့် စစ်မှန်သောသမိုင်း၏ အမှန်တရားများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကမ္ဘာ့သမိုင်းတွင် ကမ္ဘာလုံးချီဖြစ်ပွားသည့် စစ်ပွဲကြီးနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ အဆိုပါကာလများအတွင်း မြန်မာနိုင်ငံသည် ကိုလိုနီလက်အောက်ခံဘဝ ကျရောက်နေချိန်ဖြစ်သည်။ ပထမကမ္ဘာစစ်ကာလတွင် မြန်မာ့မြေပြင်ပေါ်တွင် စစ်ပွဲများမဖြစ်ခဲ့သော်လည်း မြန်မာနိုင်ငံသားအချို့က အုပ်စိုးသူဗြိတိသျှတို့ဘက်မှနေ၍ သွားရောက်တိုက်ခိုက်ပေးခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်တွင်မူ မြန်မာနိုင်ငံသည် စစ်မြေပြင်နှစ်ကြိမ်ဖြစ်ခဲ့ပြီး ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့တပ်မတော်ကကြီးမှူး၍ ဖက်ဆစ်ကို တော်လှန်ခဲ့သည်။ ဗမာ့တပ်မတော်နှင့်အတူ တပ်မတော်မှ ဗိုလ်အကြပ် ၃၀ ခန့်ကြီးမှူးသည့် ပြောက်ကျားတပ်များ သီးခြားဖွဲ့စည်း၍ တိုက်ခိုက်ခဲ့ရာ ရန်သူဖက်ဆစ်တပ်မှ အင်အား ၂၀၀၀၀ ထက်မနည်း ကျဆုံးခဲ့ပြီး သုံ့ပန်း ၂၀၀ ကျော် ၃၀၀ ခန့် ဖမ်းဆီးရမိခဲ့သည်။

ထိုစဉ်က ဗမာ့တပ်မတော်၏ စွမ်းဆောင်အောင်မြင်မှုများကို ဗြိတိန်တွင် ထုတ်ဝေနေသည့် သတင်းစာကြီးများက မေးမှိန်ထိမ်ချန်ထားခြင်းနှင့်စပ်လျဉ်း၍ မျိုးချစ်ဗမာ့တပ်မတော်၏ စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းက “ဗြိတိသျှတို့ဟာ ကျွန်တော်တို့လုပ်သမျှကို ဖုံးနိုင်သမျှ ဖုံးထားသေးတယ်။ အခုကျွန်တော်တို့ တပ်မတော်က တိုက်ခိုက်တာတွေဟာ သတင်းစာတွေထဲမှာ ပါသင့်သလောက် မပါဘူး။ တချို့နေရာတွေမှာ ကျွန်တော်တို့ပါဝင်ပြီးတိုက်ပေမယ့် ကျွန်တော်တို့မပါဘဲ တိုက်သလို၊ ဂျပန်ကျဆုံးသမျှတွေဟာ သူတို့ချည်း တိုက်လို့ ကျဆုံးသလို သတင်းပေးတယ်။ တချို့နေရာတွေမယ် ကျွန်တော်တို့ချည်းတိုက်ရတယ်။ ဒါတွေကို သတင်းလည်းမပေးဘူး။ ပေးပြန်ရင်လည်း တခြားတပ်တွေတိုက်သလို သတင်းပေးတယ်။ အဲ့သည်လို သတင်းတွေ ထိမ်ထားတဲ့ထဲက ကမ္ဘာက ကျွန်တော်တို့ လုပ်ငန်းတွေကို အသိအမှတ်မပြုဘဲ မနေနိုင်အောင်အခုဖြစ်ခဲ့တယ်။ ဒီလိုကမ္ဘာက ဗမာပြည်ကို ထင်ထင်ရှားရှား အသိအမှတ်ပြုလာခဲ့တာဟာ ဗမာပြည်ရဲ့ ရာဇဝင်မှာ ဒီတစ်ကြိမ်ဘဲရှိသေးတယ်” ဟု ၁၉၄၅ ခုနှစ် ဩဂုတ်လ စတုတ္ထအကြိမ်မြောက် နိုင်ငံခေါင်းဆောင်များ အစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အထက်မြန်မာနိုင်ငံ မန္တလေးတစ်ဝိုက်တွင် ဗိုလ်မှူးကြီး ဗထူးကြီးမှူး၍ တပ်မတော်က ဖက်ဆစ်တို့ကို တိုက်ခိုက်ခဲ့ရာ ဗိုလ်မှူးကြီးဗထူး တိုက်ပေးသည့်အတွက် မန္တလေးတိုက်ပွဲ လျင်မြန်စွာ အောင်မြင်မှုရခဲ့ကြောင်း မဟာမိတ်တပ်မတော် အမှတ် (၁၄) တပ်မှူး လက်ဖ်တင်နင် ဂျင်နရယ်ဆာဝီလီယံ ဆလင်းကိုယ်တိုင် ရေဒီယိုမှ ချီးကျူးပြောကြားခဲ့ရသည်။ ဗိုလ်မှူးကြီးဗထူးသည် ဆက်လက်၍လည်း မြို့ရွာအမြောက်အမြားကို သိမ်းပြီး ရှမ်းပြည်နယ်ဘက်သို့ပါ ဆက်လက်တိုက်ခိုက်ခဲ့ရာ မဟာမိတ်ဒီဝီဇံတပ်မမှူးတိုင်းလိုလိုက ဗိုလ်မှူးကြီးဗထူးကို သိရှိချီးကျူးခဲ့ကြသည်။ မိတ္ထီလာဘက်တွင် ဗမာ့တပ်မတော်တပ်ရင်း(၅)က တိုက်ခိုက်ခဲ့ပြီး တောင်ငူနယ်တွင် ပြောက်ကျားတပ်များက ကူညီတိုက်ခိုက်ခဲ့သည့်အတွက် မဟာမိတ်တပ်များ ရန်ကုန်သို့ အရောက်မြန်နိုင်ခဲ့သည်။ ဗမာ့တပ်မတော်၏ တိုက်ခိုက်မှုကြောင့် ဖက်ဆစ်တို့ ရန်ကုန်မှ အမြန်ဆုတ်ခွာရပြီး စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်မှုများနှင့်ပါ ရင်ဆိုင်သွားခဲ့ကြရသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဖက်ဆစ်တော်လှန်ရေးတွင် အသက် သွေး ချွေးစတေးကာ ပါဝင်တိုက်ပွဲဝင်ခဲ့ကြသော မြန်မာ့တပ်မတော်သားများကို ဂုဏ်ပြုသည့်အနေဖြင့် ရုရှားတပ်မတော်ကျက်သရေဆောင်၊ ဂုဏ်ယူဖွယ်ရာနေရာတွင် “မြန်မာ့စစ်သည်တော် မဟာမိတ်များ” အထိမ်းအမှတ်ရုပ်တုကို ရုရှားကာကွယ်ရေးဝန်ကြီး၏ စတင်အကြံပြုချက်အပြင် ကိုယ်တိုင်ကိုယ်ကျ ကြီးကြပ်ဆောင်ရွက်မှုများဖြင့် ယခုကဲ့သို့ စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ရာ ရုရှားနှင့်မြန်မာတို့၏ ရင်းနှီးချစ်ကြည်မှု၊ ညီရင်းအစ်ကိုပမာ ခိုင်မြဲသည့် မဟာမိတ်စိတ်ဓာတ်တို့ကို ဖော်ကျူးနေခြင်းပင်ဖြစ်သည်။ နှစ်နိုင်ငံအကြားမှ ရင်းနှီးချစ်ကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် မဟာမိတ်စိတ်ဓာတ်တို့သည် နိုင်ငံတကာမျက်နှာစာတွင် ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် အချိန်ကာလ၏ တိုက်စားမှုများကိုပါ ကြံ့ကြံ့ခံ၍ ထာဝရတည်တံ့ခိုင်မြဲပါစေကြောင်း။ ။

## ပြည်ပသို့ထွက်ခွာမည့်သူများအတွက် အသေးသုံး နိုင်ငံခြားငွေ ငွေသားများဝယ်ယူနိုင်ရန် အသိပေးကြေညာချက်

နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များ၏ Money Changer ကောင်တာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရောင်းဝယ်ခွင့်ပြုထားသည့် ငွေကြေးအမျိုးအစား (၇) မျိုး (အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ၊ ထိုင်းဘတ်၊ မလေးရှားရင်းဂစ်၊ တရုတ်ယွမ်နှင့် ဂျပန်ယန်း) တို့အား ရောင်းဝယ်ရန် ခွင့်ပြုထားပါသည်။

မြန်မာနိုင်ငံသားများအနေဖြင့် ပြည်ပသို့ထွက်ခွာရာတွင် နိုင်ငံတကာငွေပေးချေမှုကတ်များ (Debit Card နှင့် Credit Card) အပြင် အသေးသုံးနိုင်ငံခြားငွေ ငွေသားဆောင်ယူသွားနိုင်ရေးအတွက် ဈေးကွက်အတွင်း လွယ်ကူစွာဝယ်ယူနိုင်ရန်နှင့် တရားမဝင် ငွေလဲလှယ်နေသူများက ဈေးကစားခြင်းကို ထိန်းသိမ်းရန်တို့ကိုရည်ရွယ်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(သို့မဟုတ်) AD လိုင်စင်ရဘဏ်များ၏ Money Changer ကောင်တာများတွင် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူ၊ ဆေးကုသရန်သွားရောက်မည့်သူနှင့် ပညာသင်သွားရောက်မည့်သူများအား တစ်ဦးလျှင် နိုင်ငံခြားငွေ ငွေသား အမေရိကန်ဒေါ်လာ ၃၀၀ မှ ၅၀၀ ခန့် (ယင်းနှင့်ညီမျှသောနိုင်ငံခြားငွေ ငွေသား) ရောင်းချခြင်းကို (၃၁-၅-၂၀၂၃) ရက်နေ့မှစတင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ပြည်ပသို့ထွက်ခွာသူများအနက် ဘုရားဖူးထွက်ခွာသူများ၊ ပြည်ပနိုင်ငံအစိုးရနှင့် အသင်းအဖွဲ့များ၏ ဖိတ်ကြားချက်အရ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာသူများကိုလည်း ရောင်းချပေးသွားမည်ဖြစ်ပါသည်။

ပြည်ပသို့ အမှန်တကယ်ထွက်ခွာမည့်သူများအား အဆင်ပြေလွယ်ကူစွာ ရောင်းချပေးနိုင်ရေးအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ဆိုက်ရောက်/ထွက်ခွာ) ဘဏ်ကောင်တာ ၃ ခုတွင် AD လိုင်စင်ရဘဏ်များမှ နေ့စဉ်အလှည့်ကျ ရောင်းချသွားမည်ဖြစ်ပါသည်။ လေဆိပ်ကောင်တာများအပြင် အသေးသုံးနိုင်ငံခြားငွေ ငွေသား ရောင်းချပေးသည့်အစီအစဉ်အရ ဝယ်ယူရရှိနိုင်သည့် ဘဏ်ကောင်တာများမှာ ကမ္ဘောဇဘဏ်လီမိတက်၊ AYA Bank PCL၊ CB Bank PCL ၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ ရိုးမဘဏ်လီမိတက်၊ ယူအေဘီဘဏ်လီမိတက်၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ ကမ္ဘာ့ရတနာဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့ဖြစ်ပြီး အဆိုပါကောင်တာများတွင် ဝယ်ယူနိုင်ကြောင်းကိုလည်း ဘဏ်များ၏ Website နှင့် Facebook Page များတွင် ကြေညာထားပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် နေပြည်တော် ပျဉ်းမနားမြို့ အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ပျဉ်းမနား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ အောင်စည်သာ ကျောင်းတိုက် ဆရာတော်ထံ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက လည်းကောင်း၊ မဟာဝိသုတာရာမဈေးကုန်း ကျောင်းတိုက် ဆရာတော်ထံ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်က လည်းကောင်း၊ မာန်အောင်ပရိယတ္တိစာသင်တိုက် ဆရာတော်ထံ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်က လည်းကောင်း၊ အုန်းတောပရိယတ္တိစာသင်တိုက် ဆရာတော်ထံ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းကလည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများကို အောင်စည်သာကျောင်းတိုက် ဆရာတော်နှင့် ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့် စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်တို့က လက်ခံရယူကြသည်။ ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီး တစ်ဦးက ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင် သီလရှင် စာသင်တိုက်များနှင့် ဘိုးဘွားရိပ်သာများသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၂၂၆၁၀၀၀၀၀၊ ဆန် ၉၉၇ အိတ် ၈ ပြည်၊ ဆီ ၂၉၂ ဒသမ ၂၀ ပိဿာ၊ ပဲ ၂၇၉၇ ပိဿာ၊ ဆား ၂၇၉၇ ပိဿာ၊ ဆေးမျိုးစုံ ဘူး ၃၄၈၀ တို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၀** - နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/ဇလ

❖ *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း နှင့် တာဝန်ရှိသူများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မိုးကျော်နှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**အရေးပါသော နိုင်ငံရေးတာဝန်တစ်ရပ်ဖြစ်**

အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ **"မြန်မာ့စစ်သည်တော် မဟာမိတ်များ"** အမည်ရှိ အထိမ်းအမှတ်ရုပ်တုကို စိုက်ထူခြင်းသည် ယခုနှစ်တွင် ကျရောက်ခဲ့သည့် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား သံတမန် ဆက်ဆံရေး (၇၅) နှစ်ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုခြင်း ဖြစ်သကဲ့သို့ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ ပိုမိုတောင့်တင်းခိုင်မာလာမည်ကို ထုတ်ဖော်ပြသခြင်းဖြစ်သကဲ့သို့ ရုရှား-မြန်မာနိုင်ငံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားစဉ်။



**ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu အဖွင့်အမှာစကားပြောကြားစဉ်။**

ပူးပေါင်းကာ ဖက်ဆစ်တို့ကို တော်လှန်ခဲ့ကြသည်ကို ပြန်လည်အမှတ်ရနေစေမည့် စစ်မှန်သော သမိုင်း၏ အမှန်တရားများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည် အရေးပါသော နိုင်ငံရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

**ဂုဏ်ယူဝမ်းမြောက်စကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

**" ဒုတိယကမ္ဘာစစ်ကြီးအတွင်း ရန်သူများ၏ နယ်ချဲ့ကျူးကျော်သိမ်းပိုက်မှုများကို တုံ့ပြန်တိုက်ခိုက်ရာတွင် မြန်မာ့တပ်မတော်သားများ၏ အခန်းကဏ္ဍသည်လည်း တစ်ကမ္ဘာလုံး၏ စစ်အောင်မြင်ရခြင်းအပေါ် သိသိသာသာ သက်ရောက်မှုရှိခဲ့သည်ကို အသိအမှတ်ပြု လေးစားဂုဏ်ပြုသောအားဖြင့် အဆိုပါရုပ်တုကို စိုက်ထူခဲ့ခြင်းဖြစ် "**

**ဂုဏ်ပြုပန်းစည်းများချ၍ အလေးပြု**

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း တိုက်ပွဲဝင်ခဲ့ကြသည့် **"မြန်မာ့စစ်သည်တော် မဟာမိတ်များ"** အမည်ရှိ အထိမ်းအမှတ်ရုပ်တုရှေ့၌ ဂုဏ်ပြုပန်းစည်းများချ၍ အလေးပြုကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အဆိုပါ ရုရှားတပ်မတော်ပင်မဘုရားရှိခိုးကျောင်းတော်ကြီးကို ၂၀၂၀ ပြည့်နှစ် မေ ၉ ရက်တွင် ကျရောက်သော Victiory Day OF Great Patriotic War (၇၅) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရုရှားတပ်မတော်၏ ဗဟိုစစ်ဘက်ဆိုင်ရာ ကျက်သရေဆောင်နေရာ Center Of Military Glory ဖြစ်လာစေရန်နှင့် သမိုင်းတစ်လျှောက် အကြမ်းတမ်းဆုံး၊ သွေးထွက်သံယိုမှုအများဆုံးစစ်ပွဲကြီးတွင် ကျဆုံးခဲ့ကြသည့် ရုရှားစစ်သည်တော်များကို အမှတ်တရ ဖြစ်လာစေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် ဒုတိယကမ္ဘာစစ်အတွင်း ရုရှားနိုင်ငံနှင့်အတူ ဖက်ဆစ်တို့ကို ပူးပေါင်းလက်တွဲ တိုက်ခိုက်ခဲ့ကြသည့် ရုရှားတပ်နီတော်အပါအဝင် နိုင်ငံအသီးသီးမှ တိုက်ပွဲဝင်ခဲ့ကြသူများကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ရုပ်တုများကို စိုက်ထူထားရှိခြင်းဖြစ်ကြောင်း၊ **"မြန်မာ့စစ်သည်တော် မဟာမိတ်များ"** အမည်ရှိ အထိမ်းအမှတ်ရုပ်တုကို ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဖက်ဆစ်တော်လှန်ရေးတွင် အသက်သွေးချွေးစတေးကာ

*စာမျက်နှာ ၄ သို့*





မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) မှ ဗိုလ်မှူးချုပ် မိုးကျော်နှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဒုတိယကမ္ဘာစစ်ကာလအတွင်း တိုက်ပွဲဝင်ခဲ့ကြသည့် "မြန်မာ့စစ်သည်တော် မဟာမိတ်များ" အမည်ရှိ အထိမ်းအမှတ်ရုပ်တုရှေ့၌ ဂုဏ်ပြုပန်းစည်းများချ၍ အလေးပြုကြစဉ်။

*စာမျက်နှာ ၃ မှ*

ပါဝင်တိုက်ပွဲဝင်ခဲ့ကြသော မြန်မာ့တပ်မတော်သားများကို ဂုဏ်ပြုလိုသည့်အတွက် မဟာမိတ်စစ်သည်တော်များ ပြင်ပပြကွက်တွင် စိုက်ထူခဲ့ခြင်းဖြစ်ကြောင်းနှင့် မော်စကိုမြို့ M.B Grekova အနုပညာစတူဒီယိုမှ ထုဆစ်ပုံဖော်ခဲ့ခြင်းဖြစ်ကြောင်း။

**အထူးရွေးချယ်ထုဆစ်ခဲ့ခြင်းဖြစ်**

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ရန်သူများ၏ နယ်ချဲ့ကျူးကျော် သိမ်းပိုက်မှုများကို တုံ့ပြန်တိုက်ခိုက်ရာတွင် မြန်မာ့တပ်မတော်သားများ၏ အခန်းကဏ္ဍသည်လည်း တစ်ကမ္ဘာလုံး၏ စစ်အောင်မြင်ရခြင်းအပေါ် သိသိသာသာ သက်ရောက်မှုရှိခဲ့သည်ကို အသိအမှတ်ပြု လေးစားဂုဏ်ပြုသောအားဖြင့် အဆိုပါရုပ်တုကို စိုက်ထူခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါရုပ်တုပြုလုပ်စိုက်ထူရန် အကြံညာဏ်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzugetovich Shoigu က စတင်အကြံပြုခဲ့ပြီး မြန်မာ့တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) မှ စစ်ဘက်သမိုင်းပညာရှင်များ၏ အစီရင်ခံတင်ပြချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ သဘောတူညီချက် တင်ပြတောင်းခံ၍ ရုပ်တုအသွင်သဏ္ဌာန်အား အထူးရွေးချယ် ထုဆစ်ခဲ့ခြင်းဖြစ်ကြောင်း။

**ပီပြင်စွာသရုပ်ဖော်ထား**

အဆိုပါ ရုပ်တု ထုဆစ်မှုအပိုင်းနှင့် အောင်မြင်စွာစိုက်ထူနိုင်ရေးအတွက် ရုရှားကာကွယ်ရေးဝန်ကြီးက ကိုယ်တိုင်ကိုယ်ကျ ကြီးကြပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရုပ်တုတွင် မြန်မာ့သမိုင်းဝင် စစ်ဝတ်တန်ဆာများကို ဝတ်ဆင်ထားဟန် စစ်သည်နှစ်ဦး၏ ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်နေပုံကို တွေ့မြင်ကြရမည်ဖြစ်ကာ ရဲသွေးရဲမာန်အပြည့်ဖြင့် ရန်သူကိုမမှုပဲ အောင်မြင်မှုပန်းတိုင်ဆီ ရှေ့သို့လှမ်းချီနေသည့်ဟန် ပီပြင်စွာသရုပ်ဖော်ထားကြောင်း။

**ထည့်သွင်းထုဆစ်ထား**

စစ်သည်တော်တစ်ဦး၏လက်တွင် ရန်သူများထံမှ သိမ်းဆည်းရမိသော ရိုင်ဖယ်သေနတ်ကို ကိုင်ဆောင်ထားပြီး ဒုတိယတစ်ဦး၏ လက်တစ်ဖက်တွင် ဆိုဗီယက်ပြည်ထောင်စုထုတ် Mosin အမျိုးအစား ရိုင်ဖယ်ကို ကိုင်ဆောင်ထားကာ ကျန်လက်တစ်ဖက်တွင် ထိုခေတ်အခါက အသုံးပြုခဲ့သော အမျိုးသားအောင်လံတော်ကို ဆုပ်ကိုင်ထားသည့်ဟန် ထုဆစ်ပုံသွင်းထားခြင်းဖြစ်ကြောင်း၊ ရုပ်တု၏ ဘယ်ဘက်အောက်ခြေတွင် ခြင်္သေ့ရုပ်တုကို ထည့်သွင်းထားရှိပြီး ခြင်္သေ့ရုပ်တုသည် ရှေးကျလှသော မြန်မာ့ဟန် အနုပညာလက္ခဏာတစ်ခုလည်းဖြစ်ကာ ခြင်္သေ့ရုပ်၏ အသွင်သဏ္ဌာန်ကို မန္တလေးတောင်ခြေမှ ခြင်္သေ့ကြီးနှစ်ကောင်နှင့် ပုံစံတူထုဆစ်ထားကြောင်း၊ အဓိပ္ပာယ်မှာ ရန်သူတို့အား အောင်မြင်စွာတွန်းလှန်တိုက်ထုတ်နိုင်ခဲ့သည့် မန္တလေးမြို့တိုက်ပွဲကို သရုပ်ဖော်လိုခြင်းဖြစ်ပြီး စစ်သည်တော်တို့၏ ခြေရင်းတွင် ရန်သူတို့၏ တပ်သုံး အလံများ၊ စစ်သုံးခေါင်းများကို နင်းခြေထားသည့်ဟန် ထည့်သွင်းထုဆစ်ထားကြောင်း။

**မဟာမိတ်စိတ်ဓာတ်ကို ဖော်ကျူးနေ**

**“မြန်မာ့စစ်သည်တော် မဟာမိတ်များ”** ရုပ်တုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ စိုက်ထူလိုက်ခြင်းသည် နှစ်နိုင်ငံ၏ ယိုင်နဲ့သွားမည်မဟုတ်သည့် ညီရင်းအစ်ကိုပမာ ပူးပေါင်းဆောင်ရွက်တတ်သည့် မဟာမိတ်စိတ်ဓာတ်ကို ဖော်ကျူးနေခြင်းပင်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေး စောင့်ရှောက်မှုများတွင် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

ပဲခူး ဩဂုတ် ၂၀

**၂၀၂၃ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်၊ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၂၀ ရက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူလူထုအသိပညာတိုးတက်စေရန် ရည်ရွယ်ကာ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ ကျန်းမာသန်စွမ်းသည့် လူ့အဖွဲ့အစည်းတည်ဆောက်နိုင်ရန်နှင့် လူတစ်ဦးချင်းစီ၏ ပျမ်းမျှသက်တမ်း တိုးမြှင့်နိုင်ရေးအတွက် ကျောင်းသားလူငယ်များ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးသည် အဓိကကျသောကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ပေးခြင်းနှင့်အတူ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အခြေခံကျန်းမာရေးစောင့်ရှောက်မှုများနှင့်အတူ ပိုမိုခိုင်မာအောင် အားလုံးပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုမှတ်တမ်း ဗီဒီယိုကလစ်နှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ဗီဒီယိုကလစ်တို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းကျန်းမာရေးသရုပ်ပြ ပြခန်းများကို ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** အသက်ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းများအပြင် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် နို့တိုက်မိခင်များအား ဗီတာမင် ဘီဝမ်းနှင့် အာဟာရဆေးပြားများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ

❍ *ရှေ့ဖုံးမှ*

နိုင်ငံခြားငွေများအား နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ရရှိသူများထံတွင် ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချလဲလှယ်ခြင်းသို့မဟုတ် ဘဏ်စာရင်းသို့ ထည့်သွင်းခြင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း” အတိအလင်း ဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် ခွင့်ပြုချက်/လိုင်စင်မရှိဘဲ နိုင်ငံခြားငွေများ လက်ဝယ်ကိုင်ဆောင်ထားသည်ကို တွေ့ရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ထပ်မံသတိပေးပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## သာစည်မြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**သာစည် ဩဂုတ် ၂၀**

သာစည်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဩဂုတ် ၁၈ ရက် နံနက်က အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး တာဝန်ခံ မြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါကျော်က လူငယ်စကားဝိုင်း ကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက ဦးဆောင်၍ လူငယ်စကားဝိုင်းကိုစတင်ရာ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် သင်ယူခြင်း၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် အချိန်ကို အကျိုးရှိစွာအသုံးချခြင်း နည်းပညာ၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ယဉ်ကျေးမှုခေါင်းစဉ်များဖြင့် ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက အဆိုပါခေါင်းစဉ်များနှင့် ပတ်သက်၍ မိမိတို့ အတွေးအမြင်များကို ပြန်လည်ဆွေးနွေးသည်။

ဆက်လက်ပြီး ကျောင်းသား ကျောင်းသူများက အသိပညာပေး ပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံများ၊ သုတရသစာအုပ်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



## မြောက်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အခြေခံစက်ချုပ်နည်းပညာသင်တန်း ပို့ချ

**မြောက်ဦး ဩဂုတ် ၂၀**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သင်ကြားပို့ချသော အခြေခံ စက်ချုပ်နည်းပညာသင်တန်း (ပထမအကြိမ်) အဖြစ် ဩဂုတ် ၁၄ ရက်မှစတင်၍ ထမ္မရာဇ်ရပ်ကွက်ရှိ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ သင်ကြား ပို့ချပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါသင်တန်းကို ခရိုင်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ပန်းကြာမှုံ ဦးဆောင်ကြီးကြပ်မှုဖြင့် မိသားစုဝင်ငွေတိုး စီမံကိန်းအကောင်အထည် ဖော်ဆောင်ရန်အတွက် ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်၊ စက်ချုပ်နည်းပညာရပ်များကို အသုံးပြု၍ အဝတ်အထည်များအဖြစ် ထုတ်လုပ်လာနိုင်စေရန်၊ ကျေးလက်ဒေသရှိ အမျိုးသမီးငယ်များ စက်ချုပ် နည်းပညာရပ်ကို တတ်ကျွမ်းပြီး တစ်ပိုင်တစ်နိုင်လုပ်ငန်းများထူထောင်၍ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် နောက်ပိုင်းတွင် အဆင့်မြင့် ဒီဇိုင်နာသင်တန်းများကိုလည်း တက်ရောက်နိုင်မည်ဖြစ်သည်။

ထို့နောက် သင်တန်းနည်းပြများက အခြေခံ စက်ချုပ်နည်းပညာ စက်ကိုင်တွယ် အသုံးပြုနည်းများ၊ စက်နင်းလေ့ကျင့်ခြင်းနှင့် အခြေခံ ချုပ်ရိုးများချုပ်ခြင်း၊ အမျိုးသမီးဝတ် ရင်စေ့အင်္ကျီ၊ နောက်ကွဲ ခါးတင်အင်္ကျီစသော အခြေခံချုပ်နည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိပြီး သင်တန်းတွင် မြောက်ဦးမြို့ ထမ္မရာဇ်ရပ်ကွက်မှ သင်တန်းသူ ၁၀ ဦး တက်ရောက်လျက်ရှိကာ ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၁၃ ရက်အထိ တစ်လကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး မွမ်းမံစက်ချုပ်သင်တန်းကိုလည်း ဖွင့်လှစ်သင်ကြားပေးပို့ပေးသွားမည်ဖြစ်၍ သင်တန်းသူ ထူးချွန်သူ ငါးဦးကို ရွေးချယ်၍ နိုင်ငံတော်မှ တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်း နှင့်ညီမျှသော ရင်းနှီးမတည်ပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**မြင့်စိုး (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်တိုင်းရင်းဆေးစက်ရုံနှင့် ဆိုလာစက်ရုံများသို့ သွားရောက်လေ့လာ

**ကူမင်း ဩဂုတ် ၂၀**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့သည် ကူမင်းမြို့ရှိ (Yunnan Baiyao) ယူနန်တိုင်းရင်းဆေးစက်ရုံသို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်လေ့လာရာ စက်ရုံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး လိုက်လံရှင်းလင်းပြသသည်။

အဆိုပါစက်ရုံကို ၁၉၇၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခင်ရိုးရာနည်းပညာဖြင့် ဆောင်ရွက်နေရာမှ စက်မှုလုပ်ငန်းအဖြစ် ခေတ်မီ ကုန်ထုတ်လုပ်မှုစနစ်ကို ကူးပြောင်း ဆောင်ရွက်ခဲ့ကြောင်း၊ ထုတ်လုပ်သည့် ဆေးပစ္စည်းများ၏ အရည်အသွေးကိုလည်း အဆင့်မြှင့်တင်ပြီး ဆေးဝါးထုတ်ကုန်အသစ်များ စဉ်ဆက်မပြတ် စမ်းသပ်ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်တိုင်းရင်းဆေးစက်ရုံ၌ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံပြခန်းတွင် စက်ရုံဖြစ်ပေါ်လာမှု သမိုင်းကြောင်း၊ လုပ်ငန်းလုပ်ဆောင်မှုစနစ်၊ စီမံခန့်ခွဲမှုပုံစံတို့ကို ရှင်းလင်းပြသမှုများအား လိုက်လံကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့တွင် လိုက်ပါလာသည့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြင့်မြတ်က သိရှိလိုသည်များကို မေးမြန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် China Tobacco Schweitzer စက်ရုံသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက စက်ရုံဝင်းအတွင်း လှည့်လည် ရှင်းလင်းပြသသည်။ CTS ကုမ္ပဏီကို ၂၀၁၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် လုပ်ငန်းများ စတင်လည်ပတ်ခဲ့ကြောင်း၊ ထုတ်ကုန်များကို ကျန်းမာရေးဆိုင်ရာ သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် အလယ်အလတ်အဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးပညာကျွမ်းကျင်သူ လူသားအရင်းအမြစ်များ တိုးမြှင့်မွေးထုတ်ပေးနိုင်ရေးကြိုးပမ်း

**နေပြည်တော် ဩဂုတ် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် ယမန်နေ့ညနေပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးလျက်ရှိပြီး အလယ်အလတ်အဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးပညာကျွမ်းကျင်သူများ မွေးထုတ်ပေးလျက်ရှိသော စိုက်ပျိုးရေး သိပ္ပံကျောင်း(ပျဉ်းမနား)ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ဝဲပုံ)**



ရေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးသိပ္ပံကျောင်း (ပျဉ်းမနား) စုဝေးဆောင်ခန်းမ၌ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ပညာသင်ယူသည့်ကာလအတွင်း မိမိတို့ လေ့လာသင်ယူသော ပညာရပ်များကို ကြိုးကြိုးစားစား သင်ယူ၍ လုပ်ငန်းခွင် ဝင်ရောက်ချိန်တွင် အရည်အချင်းပြည့်ဝသူများအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေး ကြိုးပမ်းသွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက သင်ကြားရေး၊ သင်ယူရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းတို့က ရှင်းလင်းဖြေကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားရိပ်သာများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ၏ စားသောက်နေထိုင်မှု လိုအပ်ချက်များ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးပညာကို ပထမဆုံး သင်ကြားပေးခဲ့သည့် စိုက်ပျိုးရေးသိပ္ပံကျောင်း (ပျဉ်းမနား)တွင် ကျောင်းသား ကျောင်းသူ ၅၄၉ ဦး ပညာသင်ယူလျက်ရှိကာ ရေမြေရာသီဥတု သင့်တင့်မျှတပြီး အချက်အချာကျသည့် အုပ်ချုပ်ရေးဒေသတွင် တည်ရှိသဖြင့် နိုင်ငံ၏လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အလယ်အလတ်အဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးပညာကျွမ်းကျင်သူ လူသားအရင်းအမြစ်များ တိုးမြှင့်မွေးထုတ်ပေးနိုင်သည့် စိုက်ပျိုးရေး မွေးမြူရေးဆိုင်ရာ စံပြကျောင်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်မြောင်းမြို့၌ မိုးစပါးဆင်းသုခ အထွက်နှုန်းရရှိရေး ကွင်းသရုပ်ပြ

**ကျောက်မြောင်း ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့ မခေါက်ကျေးရွာအုပ်စု ကွင်းအမှတ်(၂၇၀၀) တောင်သူ စိုးပိုကာ၏လယ်မြေ၌ ဩဂုတ် ၁၈ ရက်က မိုးစပါးဆင်းသုခ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက် ကွင်းသရုပ်ပြပွဲ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲကို ကျောက်မြောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့ဦးစီးမှူး ဦးနေဇော်ဌေးနှင့် စိုက်ပျိုးရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ခင်ဝင်းက သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို လိုက်နာကျင့်သုံးခြင်း စသည့်အချက်များအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်မည်ဆိုပါက ပန်းတိုင်အထွက်နှုန်း ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူများက မိမိတို့သိလိုသည့် အကြောင်းအရာများကို မေးမြန်းရာ မြို့စိုက်ပျိုးရေးဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့ပြီး အဆိုပါ ကွင်းသရုပ်ပြပွဲသို့ တောင်သူ ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း

**ရမည်းသင်း ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် တန်ဖိုးမြှင့်စားသောက်ကုန် (သီးနှံအခြေခံ ဝိုင်၊ ဖျော်ရည်၊ ယိုအမျိုးမျိုး) ထုတ်လုပ်မှုနည်းပညာသင်တန်း(ပထမအကြိမ်) ဆင်းပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက်တွင် ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာ သစ္စာရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဉာဏ်မျိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

အဆိုပါသီးနှံအခြေခံ ဝိုင်၊ ဖျော်ရည်၊ ယိုအမျိုးမျိုး ထုတ်လုပ်မှုနည်းပညာများကို ဩဂုတ် ၁၄ ရက်မှ ဩဂုတ် ၂၀ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မောင်မွေး**

## ကျောက်ဖြူမြို့၌ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာစည်းဝေး

**ကျောက်ဖြူ ဩဂုတ် ၂၀**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ မြို့နယ်ပညာရေးဌာန ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက မြို့နယ်ပညာရေးမှူးရုံးရှိ ကုမုဒြာခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက အစုငွေ၊ စုဆောင်းငွေနှင့် စုဆောင်းငွေအပေါ် အတိုးများသတ်မှတ်ထားရှိခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဆရာကြီး ဦးအောင်ဝင်းလွင်က ဒါရိုက်တာအဖွဲ့ အစီအရင်ခံစာ၊ လက်ကျန်ရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းတို့ကို ဖတ်ကြားတင်သွင်းရာ အသင်းသားများက အကြံပြုဆွေးနွေးကြသည်။ ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် အသင်းသားများ၏ ထူးချွန်သောရင်သွေးငယ်များအား ပညာရည်ချွန်ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပညာရေးဌာန ငွေစုငွေချေး သမဝါယမအသင်းတွင် အသင်းသား ၁၇၅၂ ဦးရှိကာ အစုငွေ ၁၀ ဒသမ ၅၁ ကျပ်သန်း၊ စုဆောင်းငွေ ၈၈၀ ဒသမ ၂၈ ကျပ်သန်း၊ သာမန်ချေးငွေ ၆၃၇ ဒသမ ၂၈ ကျပ်သန်းတို့မှာ လည်ပတ်လျက်ရှိပြီး စုဆောင်းငွေအပေါ် အတိုး ၃၂ ဒသမ ၀၄ ကျပ်သန်းကို အသင်းသားများသို့ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**





ပန်းချီဦးစန်းလှိုင်၏ မြတ်စွာဘုရားရှင် မာရ်နတ်ကိုအောင်တော်မူခန်း ဆေးရောင်စုံပန်းချီ။



ဘူမိဖဿမုဒြာဟန် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။

# အောင်ခြင်းနိမိတ် အခေါ် ဘူမိဖဿမုဒြာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်

သီဟစည်သူ

❁ **လောကီဂန္ဓာရီအလိုအရမူကား...**

❁ **ရန်သူတကာကို အောင်မြင်နိုင်ခြင်း၊ တရားအမှုတွင် မိမိဘက်မှ လွတ်လွတ်ကျွတ်ကျွတ် အနိုင်ရခြင်း၊ အစိမ်းသားရဲ သင်းကွဲပြိတ္တာ နတ်မိစ္ဆာတို့၏ ပယောဂနှောင့်ယှက်မှုကို နှိမ်နင်းနိုင်ခြင်း၊ သေလုမြောပါးဖြစ်နေသော လူနာအား အသက်မသေ ဝေဒနာမှ ချမ်းသာရာရစေခြင်း၊ ဆင်ကြမ်း၊ မြင်းကြမ်း၊ နွားကြမ်း၊ သူရဲကြမ်းတို့ကို အောင်နိုင်ခြင်း၊ မြို့ရာ၊ နယ်ရာ၊ အိမ်ရာ၊ မြေရာ၊ ကျောင်းရာ စသည်တို့ကို စတင်ရှင်းလင်းခုတ်ထွင်ရာ၌ မြေကြမ်းကို အောင်နိုင်ခြင်း၊ ရဲရင့်စေခြင်း၊ စစ်ထိုးစစ်ဆင် စစ်ချီရာ၌ ရန်သူတကာကို အောင်ပွဲရခြင်း၊ သံ့ပန်းများကို အရှင်လတ်လတ် ဖမ်းဆီးရမိခြင်း၊ တနိုင်ငံလုံးကို စိုးမိုး လွှမ်းခြုံ၍ အာဏာတန်ခိုးထက်မြက်ခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း စသည့်အကျိုးထူးများကို မုချအောင်မြင် ရရှိနိုင်သည်။ မာရဝိဇယမုဒြာ ဟူ၍၎င်း၊ ဘူမိဖဿမုဒြာဟူ၍၎င်း ခေါ်တွင်အပ်သည်ဟူ၍ တန္တရာယာန ဝဇီရာယာနကျမ်းများ၌ မိန့်ဆိုထား**

သုခါ ရုက္ခဿ ဆာယာဝ၊
တတော ဉာတိ မာတာပိတု။
တတော အာစရိယော ရညော၊
တတော ဗုဒ္ဓဿ နေကဓာ။

သစ်ပင်၏ အရိပ်သည်လျှင် ချမ်းသာ၏။ ထိုသစ်ပင်အရိပ်၏ ချမ်းသာသည်ထက် ဆွေမျိုးမိဘ၏ အရိပ်သည် ချမ်းသာ၏။ ထိုဆွေမျိုးမိဘအရိပ် ချမ်းသာသည်ထက် ဆရာသမား၏ အရိပ်သည် ချမ်းသာ၏။ ထိုဆရာသမားတို့၏ အရိပ်ချမ်းသာသည်ထက် မင်း၏အရိပ်သည် ချမ်းသာ၏။ ထိုမင်း၏ အရိပ် ချမ်းသာသည်ထက် မြတ်စွာဘုရား၏အရိပ်ဟု ဆိုအပ်သောတရားသည် များစွာသော အပြားအားဖြင့် ချမ်းသာ၏။ (လောကနီတိ၊ သုဇနကဏ္ဍ – အပိုဒ်ရေ ၅၀)

ဖော်ပြပါ လောကနီတိကျမ်းအဆိုအရ ဤလောက၌ ချမ်းသာရာအကြောင်းသည် မြတ်ဗုဒ္ဓ၏ အရိပ်ဟု ဆိုအပ်သော တရားဒေသနာတော်ဖြစ်သည်နှင့်အညီ သာသနာတော်အဓွန့်ရှည်တည်တံ့စေရေး အဖို့ဘာဂဖြင့် အားထုတ်ဆောင်ရွက်ခြင်းသည်သာလျှင် မြတ်သောချမ်းသာကို ရရှိစေနိုင်လိမ့်မည်ဖြစ်ပေသည်။ ထိုထိုသော ချမ်းသာအရိပ်ကို ရရှိစေလိုခြင်းအလို့ငှာ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် ကမ္ဘာ့ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် **ဉာဏ်တော်အမြင့် ၆၃ ပေ၊ ပလ္လင်တော်အမြင့် ၁၈ ပေ စုစုပေါင်း ၈၁ ပေရှိ** မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးအား ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့် ဓမ္မစကြာနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဆရာတော်များ အပါအဝင် သံဃာတော်အပါး ၉၀၀ တို့ကြွရောက်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ခြင်း မင်္ဂလာအခမ်းအနားများကို အောင်မြင်စွာ ဝှဲချီးဆင်ယင်ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါသည်။

## ဓမ္မစေတီများ

ထို့အတူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးတော်မူရာ ဗုဒ္ဓဥယျာဉ်တော်အတွင်း ၂၄ ဆောင်ကုန်သော ဂန္ဓကုဋီတိုက်တော်များ၌ ၂၄ ပါးကုန်သော ပဋ္ဌာန်းကျမ်းမြတ်မှ ပဋ္ဌာန်းပစ္စယသတ္တိကို ဖော်ညွှန်းသော မြန်မာမှုအနုလက်ရာများ၊ မြတ်စွာဘုရားရှင်၏ နှုတ်ကပွတ်တော်များဖြစ်သည့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ကုန်သော ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ၊ ဋီကာ ဓမ္မစေတီများဖြစ်သည့် ကျောက်စာအချပ်ရေ ၁၄၄၀ ကိုလည်း ကျောက်စာရုံစေတီ ၇၂၀ ၌ ပါဠိ၊ မြန်မာ၊ ရိုမန်ဘာသာများဖြင့် ထွင်းထုပူဇော်ထားရှိပေသည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ထုဆစ်ပူဇော်ရာတွင်လည်း နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒများနှင့်အညီ မြတ်စွာဘုရားရှင်၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် သင့်လျော်ညီညွတ်သော ဘူမိဖဿမုဒြာဟန်ဖြင့် ထုဆစ်ပူဇော်ထားခြင်းဖြစ်ပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အခြားသော သာသနိက အဆောက်အဦများကို ရတနာပုံခေတ် မြန်မာ့အနုပညာလက်ရာများဖြင့် ပြည့်စုံစွာ ထည့်သွင်းပူဇော်ထားခြင်းဖြစ်သည်။

## ဘူမိဖဿမုဒြာ

ဘူမိဖဿမုဒြာပုံစံမှာ ဘယ်ဘက်လက်ဖဝါးကို တင်ပလ္လင်ခွေပေါ်သို့တင်ကာ အထက်သို့ လှန်ထားပြီး ညာဘက်လက်ဖဝါးကိုမူ ညာဘက်ဒူးပေါ်၌ မှောက်လျက်တင်ကာ မဟာပထဝီမြေကြီးကို ညွှန်ပြနေသောပုံစံ ဖြစ်သည်။ လက်ချောင်းတော်အနေအထားကား အောက်သို့ညွှန်ပြနေသည့် ပုံစံဖြစ်သည်။ လက်ယာလက်ဖမိုးကိုလှန်၍ ခြေခွင်ပေါ်တင်ထားပြီးလျှင် လက်ဝဲလက်ကို ပလ္လင်ပေါ်သို့ဖြစ်စေ မြေကြီးကိုဖြစ်စေ၊ ထောက်ပြထားသော ဘူမိဖဿမုဒြာ ပြောင်းပြန်ပုံကိုလည်း တွေ့ရတတ်သည်။ ပုဂံအာနန္ဒာစေတီတော်တွင်းမှ ပုံတော်များကို ဤဘူမိဖဿမုဒြာ ပြောင်းပြန်ပုံဖြင့် တွေ့ရှိနိုင်ကြောင်း သိရသည်။

အထူးသဖြင့် ဘူမိဖဿမုဒြာသည် အောင်ခြင်းရှစ်ပါးတွင် တစ်ပါးအပါအဝင် ဖြစ်သောကြောင့် ယင်းရုပ်ပွားဆင်းတုကို ကိုးကွယ်လျှင် တရားနိုင်ခြင်း၊ သက်သေအောင်နိုင်ခြင်း၊ စစ်ထိုးရာ၌ အောင်မြင်ခြင်း၊ ရန်သူတို့က မကြံစည် မတိုက်ခိုက်နိုင်ခြင်း၊ ခံ့ညားတည်ကြည်၍ မတုန်မလှုပ် နောက်မဆုတ်ခြင်းစသော အနက်အဓိပ္ပာယ် သဘောတရားများကို ဆောင်လေသည်။ အကျိုးအာနိသင်ရှိသည်ဟုလည်း ယုံကြည်ကြလေသည်။

**"လောကီဂန္ဓာရီအလိုအရမူကား...**

**ရန်သူတကာကို အောင်မြင်နိုင်ခြင်း၊ တရားအမှုတွင် မိမိဘက်မှ လွတ်လွတ်ကျွတ်ကျွတ် အနိုင်ရခြင်း၊ အစိမ်းသားရဲ သင်းကွဲပြိတ္တာ နတ်မိစ္ဆာတို့၏ ပယောဂနှောင့်ယှက်မှုကို နှိမ်နင်းနိုင်ခြင်း၊ သေလုမြောပါးဖြစ်နေသော လူနာအား အသက်မသေ ဝေဒနာမှ ချမ်းသာရာရစေခြင်း၊ ဆင်ကြမ်း၊ မြင်းကြမ်း၊ နွားကြမ်း၊ သူရဲကြမ်းတို့ကို အောင်နိုင်ခြင်း၊ မြို့ရာ၊ နယ်ရာ၊ အိမ်ရာ၊ မြေရာ၊ ကျောင်းရာ စသည်တို့ကို စတင်ရှင်းလင်းခုတ်ထွင်ရာ၌ မြေကြမ်းကို အောင်နိုင်ခြင်း၊ ရဲရင့်စေခြင်း၊ စစ်ထိုးစစ်ဆင် စစ်ချီရာ၌ ရန်သူတကာကို အောင်ပွဲရခြင်း၊ သံ့ပန်းများကို အရှင်လတ်လတ် ဖမ်းဆီးရမိခြင်း၊ တနိုင်ငံလုံးကို** စိုးမိုး လွှမ်းခြုံ၍ အာဏာတန်ခိုးထက်မြက်ခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း စသည့် အကျိုးထူးများကို မုချအောင်မြင် ရရှိနိုင်သည်။ မာရဝိဇယမုဒြာ ဟူ၍၎င်း၊ ဘူမိဖဿမုဒြာဟူ၍၎င်း ခေါ်တွင်အပ်သည် ဟူ၍ တန္တရာယာန ဝဇီရာယာနကျမ်းများ၌ မိန့်ဆိုထားကြောင်း" မြန်မာ့ရိုးရာ ပဋိမာသိပ္ပပညာ မုဒြာများစာအုပ်၊ စာ ၆၉-၇၀ တွင်ဖော်ပြထားပါသည်။

## မာရ်နတ်ကို အောင်တော်မူခန်း(အကျဉ်း)

သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဗောဓိပင်သို့ ကပ်ပြီး အရှေ့အရပ်မှ ရပ်တော်မူ၍ လမ်းတွင် သောတ္ထိယပုဏ္ဏား မြက်ထမ်းသား လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို အဖျားကကိုင်၍ ကြဲဖြန့်တော်မူလျှင် တစ်ဆယ့်လေးတောင် အပြန့်ကျယ်သော အပရာဇိတပလ္လင်တော် ပေါ်ပေါက်လာ၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူ၏။ ထိုအခိုက်တွင် ဝသဝတ္တီနတ်ပြည်သား မာရ်နတ်သားသည် ဂီရိမေခလာဆင်ကိုစီး၍ လက်ရုံးများ တစ်ထောင်တွင် အစွမ်းထက်သော လက်နက်များကိုင်ဆောင်ပြီး နတ်စစ်သည်အပေါင်းတို့ကိုလည်း ကြောက်စရာအသွင် အမျိုးမျိုးဖန်ဆင်းပြီး လှိုင်းလုံးကြီးများကဲ့သို့ လှိမ့်၍လှိမ့်၍ တစ်အားကုန်လာကြသည်။ သို့သော် မာရ်နတ်နှင့်တကွ မာရ်စစ်သည်တို့သည် အနားမကပ်ဝံ့ဘဲ ဝိုင်းရံ၍သာ နေကြကုန်၏။

မြတ်စွာဘုရားသည် ပါရမီဆယ်ပါး ကုသိုလ်တရားတို့ကိုသာ စဉ်းစားဆင်ခြင်၍ နေတော်မူ၏။ မာရ်နတ်သားသည် လက်နက်ကြီးကိုးပါးဖြင့် ပစ်ခတ်သော်လည်း မြတ်စွာဘုရား၏ ရှေ့တော်သို့ ပန်းကုံးကြီးများ၊ ပန်းလုံးကြီးများ ပန်းပွင့်ကြီးများ အဖြစ် ကျလာကြသည်။ မြတ်စွာဘုရားသည် လက်ျာလက်တော်ကို သင်္ကန်းအတွင်းမှထုတ်ကာ မဟာပထဝီမြေကြီးကို ရှေးရှုညွှန်ပြ၍ သက်သေတည်သောခဏ၌ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်သို့ သွက်သွက်လည်ကာ သည်းထန်စွာ မြည်ဟည်းလေသည်။ ထိုအခါ မာရ်စစ်သည်တို့ ကြောက်လန့်တကြား ပြေးလွှားကြရုံမက မာရ်နတ်သားသည်ပင် ဂီရိမေခလာဆင်ကြီးကို ပြန်စောင်း၍မှ မကြည့်နိုင်ဘဲ အားသွန်ပြေးရာ ဝသဝတ္တီသို့ပင် အရောက်ပြန်ကြလေသည်။ ဤသို့လျှင် မြတ်စွာဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၊ နေမဝင် ဒေဝပုတ္တမာရ်– ဝသဝတ္တီမာရ်နတ်ကို အောင်မြင်တော်မူခဲ့လေသည်။

*စာမျက်နှာ ၇ သို့*

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့အစိုးရရုံးပိတ်ရက်တွင် ဘုရားဖူးလာပြည်သူအပေါင်းဖြင့် အထူးစည်ကားလျက်ရှိ



**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ၊ ဘုရားဖူးပြည်သူအပေါင်း အခမဲ့ လာရောက်ဖူးမြော်နိုင်ရန် ဩဂုတ် ၈ ရက်မှ စတင်၍ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိရာ ယနေ့ ဩဂုတ် ၂၀ ရက်တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်း၊ ရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့ ဩဂုတ် ၂၀ ရက်သည် အစိုးရရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ ဌာနဆိုင်ရာဝန်ထမ်းများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအနေဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်၊ မော်တော်ဆိုင်ကယ်များဖြင့်ပါမကျန် အမျိုးမျိုးသောယာဉ်များဖြင့် ခရီးနှင် ရောက်ရှိလာကြသည်ကိုလည်း တွေ့ရသည်။ ဘုရားဖူးလာ ရဟန်း၊ ရှင်လူပြည်သူအပေါင်းတို့ဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိရာ မာရဝိဇယဘုရားကြီး၏ မုခ်ဦးဝတွင် ယခင်ရက်များနည်းတူ စည်းကမ်းတကျ၊ စနစ်တကျဖြင့် ယာဉ်များ ရပ်တန့်ပြီး ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရန် လုံခြုံရေးအဖွဲ့များအနေဖြင့် စစ်ဆေးကြပ်မတ်ခြင်းကိုလည်း ပြည်သူများ ကြည်ဖြူစွာ အစစ်ဆေးခံကြသည်။

ဘုရားကြီးပရိဝုဏ်အတွင်း အခမဲ့အသုံးပြုနိုင်ရန် ထားရှိပေးသည့် ဝှီးချဲများသည်လည်း သက်ကြီးဘိုးဘွားများ၊ ကျန်းမာရေးမကောင်းသူများ၊ မသန်စွမ်းသူများအတွက် လွန်စွာအသုံးဝင်ပြီး ဘုရားဖူးလာ ရဟန်း၊ ရှင်လူပြည်သူများအနေဖြင့် မာရဝိဇယဘုရားကြီး ဖူးမြော်လျက် သာဓုအနုမောဒနာ အကြိမ်ကြိမ်ခေါ်ဆိုကာ ဝမ်းသာပီတိ အပြုံးမျက်နှာများကိုလည်း ကြည်နူးစွာမြင်တွေ့ရသည်။

ဘုရားကြီး ရင်ပြင်တော်ပေါ်သို့ အသုတ်လိုက် အသုတ်လိုက်ဖြင့် တက်ရောက်ဖူးမြော်နေကြသည့် ဘုရားဖူးလာ ရဟန်း၊ ရှင်လူပြည်သူများက ပန်းရေချမ်းဖြင့် မာရဝိဇယဘုရားကြီးအား ကပ်လှူပူဇော်ကြခြင်း၊ ပဋ္ဌာန်းဘာဝနာပွားများကြခြင်း၊ ဆုတောင်းမေတ္တာပို့သကြခြင်းများဖြင့် စိတ်နှလုံးအေးချမ်းဖွယ်ရှိလှသည်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားသည့် ရင်ပြင်တော်ပတ်လည်၌ ဂန္ဓကုဋိတိုက် ၂၄ ဆောင်ကို စကျင်ကျောက်များဖြင့် တည်ဆောက်ထားရှိရာ ဘုရားဖူးပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ဂန္ဓကုဋိတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုကြသည်။

ထို့ပြင် ဘုရားဖူး ရဟန်း၊ ရှင်လူပြည်သူများအနေဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာ ကျမ်းစာများကို တစ်ပါတည်း လေ့လာဖတ်ရှုကြည်ညိုနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းထားသည့် ကျောက်စာရုံစေတီတော် အဆူ ၇၂၀ ကို ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာမူရာ တည့်တည့်၌ တည်ဆောက်ပူဇော်ထားရှိရာ စိတ်ဝင်စားစွာ ဖူးမြော်လေ့လာကြည်ညိုကြသည်။ ကျောက်စာရုံစေတီတော်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ခေါင်းလောင်းတော်ကြီး၊ မဟာဗောဓိညောင်ပင်တို့ကိုလည်း ဘုရားဖူးပြည်သူများက ကြည်ညိုစွာဖြင့် ဖူးမြော်ကြသည်။

ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရားကျောင်းကန်များအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ခေတ္တအနားယူနိုင်စေရေးအတွက် ကျွန်းတိုင်များ အသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမူမပျက် ဆောက်လုပ်ထားသည့် သုခမ္ဘာဇရပ်များတွင်လည်း အေးချမ်းစွာ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် စက်တင်ဘာ ၃ ရက်အထိ ထပ်မံ၍ ရက်တိုးမြှင့်သတ်မှတ် အခမဲ့ဖူးမြော်ကြည်ညို ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ စက်တင်ဘာ ၄ ရက်နှင့် နောက်ပိုင်းလာရောက်ဖူးမြော်ကြမည့် ဘုရားဖူးလာ ရဟန်း၊ ရှင်လူပြည်သူများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုသိုလ်တော်ဖြစ်ပါဝင်နိုင်ရေး မြန်မာနိုင်ငံသား လူကြီးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှင့် နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန် ဒေါ်လာ ၁၀ ဒေါ်လာနှုန်းတို့ဖြင့် သတ်မှတ်ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်ကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ Website ဖြစ်သည့် mbiw.myannet.com ၊ www.twitter.com/Mara-vijaya နှင့် t.me/Maravijaya တို့တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အသိပေးထားပါသည်။

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)**

**ဓာတ်ပုံ – အိမ့်ဘီလီယံမောင်**





*စာမျက်နှာ ၆ မှ*

## ဘူမိဖဿမုဒြာဟန်ဖြင့် အများဆုံးတွေ့ရှိ

မြန်မာနိုင်ငံတွင် ဂေါတမဗုဒ္ဓ ဆင်းတုရုပ်ပွားတော်များနှင့် အကျွဘုရား၏ ရုပ်ပွားတော်အချို့ကို ဤဘူမိဖဿမုဒြာဟန်ဖြင့် အများဆုံးတွေ့ရှိရသည်။ ပြည်ခရိုင် ခင်ဘကုန်း ငွေခေါင်းပူဘုရား ပလ္လင်ခွေရုပ်ပွားတော်သည်လည်းကောင်း၊ ပုဂံမြို့ လောကထိပ်ပန်စေတီတော်တွင်းမှ အဋ္ဌမဟာဋ္ဌာနရုပ်ပွားတော်သည်လည်းကောင်း၊ မန္တလေးမြို့ မဟာမုနိရုပ်ပွားတော်ကြီးသည်လည်းကောင်း ဘူမိဖဿမုဒြာဟန်များဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ထို့အတူ ပုံစံအားဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးစေတီတော်အတွင်းရှိ ဆင်းတုတော်ကြီးများသည်လည်း ဘူမိဖဿမုဒြာများဖြင့် ရှိတော်မူကြပြီး ရန်ကုန်မြို့ ကမ္ဘာအေး ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပြတိုက်တွင် ဘူမိဖဿမုဒြာပုံတော် တစ်ဆူကိုလည်း စာတန်းထိုး၍ ပြသထားသည်ကို တွေ့ရကြောင်း၊ အမရပူရမြို့ ကျောက်တော်ကြီးဘုရား ရုပ်ပွားတော်သည်လည်း ဘူမိဖဿမုဒြာဖြင့်ရှိကြောင်း သိရှိရပေသည်။

ဤသို့ ဗုဒ္ဓမြတ်စွာတရားဒေသနာတော်၌ ဟောဖော်ညွှန်ပြသည့် ဗုဒ္ဓ၊ ဓမ္မ၊ သံဃ တည်းဟူသော ရတနာမြတ်အပေါင်းတို့၏ ဂုဏ်ကျေးဇူးကို သက်ဝင်ကြည်ညိုကြသည့် ဦးဆောင်ဘုရားဒကာဖြစ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တကွသော စေတနာရှင် အလှူရှင်အပေါင်းတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်မြတ်ကြီးကို မြတ်နိုးကော်ရော် ပူဇော်သောအားဖြင့် တည်ထားကိုးကွယ်ခဲ့ကြသည်။

ဤကောင်းမှုအဖို့ဘာဂနှင့် ပတ်သက်သည့် ပတ္ထနာဆုတောင်းတွင် "ဤသို့လျှင် မြတ်နိုးကြည်ညိုဖွယ်ရာ ဂုဏ်တော်အထူးတို့နှင့် ပြည့်စုံတော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဗုဒ္ဓဥယျာဉ်တော်ကြီး၊ ဓမ္မစေတီကျောက်စာတိုက်တော်တို့နှင့် တကွ တည်ထားကိုးကွယ်ပူဇော်ကြရသော မွန်မြတ်သော ဤကုသိုလ်ကံ စေတနာအစွမ်းအာနုဘော်တော် အထူးတို့ကြောင့် ရည်ရွယ်ချက်လေးရပ်တို့သည် ပြည့်စုံကြကုန်သည်ဖြစ်၍ မိမိတို့နှင့်တကွ သဒ္ဓါပညာစိတ်ထား တူညီကြကုန်သော သူတော်ကောင်းအပေါင်းတို့သည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ တရားတော်မြတ် ဘုန်းရိပ် ကံရိပ် ဉာဏ်တော်အရိပ်တို့၏အောက်၌ အေးချမ်းစွာ နေထိုင်ကြကုန်လျက် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို သားစဉ်မြေးမြစ်အစရှိသည့် အဆက်ဆက်သို့တိုင်အောင် နှစ်ပေါင်းရာထောင်များစွာ ဆည်းကပ်ကိုးကွယ်ပူဇော်စောင့်ရှောက်နိုင်ကြရပါစေသတည်း။ ထို့ပြင် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးသည်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဗဟိုချက်မ ပဓာနပြုလျက် ကမ္ဘာ့နိုင်ငံ အရပ်ဒေသအသီးသီးတို့သို့ တိုးတက်ပြန့်ပွားထွန်းကားနိုင်ပါစေသတည်း။ ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းသားပြည်သူအပေါင်းတို့သည်လည်း ညီရင်းအစ်ကို မောင်ရင်းနှမ တူမျှစွာ တစ်စိတ်တစ်ဝမ်းတည်း အသီးအသီး တညီတညွတ်တည်းရှိကြကုန်သည်ဖြစ်၍ ဆင်းရဲခြင်း ဘေးဒုက္ခအန္တရာယ်အမျိုးမျိုးတို့မှ ကင်းဝေးကြကုန်ပြီးလျှင် စားရေရိက္ခာ အသုံးအဆောင်၊ ရတနာမျိုးစုံတို့သည် ပြည့်စုံပေါများကြွယ်ဝကြ၍ တိုင်းပြည်သာယာဝပြောသည့်အားလျော်စွာ လောကီချမ်းသာသုခ အမျိုးမျိုးတို့ကို ပြည့်စုံစွာ ခံစားစံစားနိုင်ကြရပါစေသတည်း" ဟု မော်ကွန်းတင်ကမ္ပည်းကျောက်စာတွင် ရေးထိုးထားသည်ဖြစ်၍ စေတနာရှင်များ၏ ကုသိုလ်တော်ကို သဒ္ဓါစိတ်ဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုအပ်ပါသည်။

သာဓု....သာဓု...သာဓု....

**ကိုးကား –**


(၁) **မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် မော်ကွန်းတင် ကမ္ပည်းကျောက်စာ။**

(၂) **မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါးဇာတ်တော်များ စာအုပ်၊ ဆန်းညွှန့်ဦး ဦးလှခင်။**

(၃) **လောကနီတိ၊ တက်တိုး။**

(၄) **မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ မုဒြာများ စာအုပ်၊ စဝ်ထွန်းမှတ်ဝင်း။**

(၅) **https://cincds.gov.mm/node/15583?d=1**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၏ စတုတ္ထအကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးတက်ရောက်ပြီး အင်ဂျင်နီယာပညာရေးအဆင့်မြှင့်တင်ခြင်းသင်တန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ စတုတ္ထအကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပသည်။



အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ကုန်များကို အခြေခံပြီး တန်ဖိုးမြှင့်ထုတ်လုပ်သည့် Supply Chain တစ်လျှောက်တွင်ရှိသော လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေ၊ မျိုးစေ့၊ မြေဩဇာနှင့် ရေ စသည့် သွင်းအားစုများ အချိန်မီရရှိနိုင်ရန် **“စားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံများတိုးချဲ့ စိုက်ပျိုးရေးကော်မတီ”** က ဦးဆောင်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရည်အသွေးကောင်းမွန်သော ဆီများ ထုတ်လုပ်နိုင်ရန် အဆင့်မီဆီစက်များ လိုအပ်နေသည့်အတွက် ပြည်တွင်းဆီစက်များကို အဆင့်မီဆီစက်များ တိုးချဲ့တပ်ဆင်ခြင်း၊ အသစ်များထပ်မံတည်ဆောက်ခြင်းနှင့် လက်ရှိဆီစက်များ အဆင့်မြှင့်တင်ခြင်းတို့ ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီး ပံ့ပိုးပေးနိုင်ရေးအတွက် **“ဆီစက်ချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့”** က ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီကို အရည်အသွေးမြင့် ထုတ်လုပ်နိုင်ရန် ဆီထုတ်လုပ်သည့် လုပ်ငန်းစဉ်များတွင် ဆီသန့်စင်သည့် နည်းပညာများ လိုအပ်နေသည့်အတွက် ဆီလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ဆွေးနွေးပွဲများပြုလုပ်ပြီး ကူညီပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆီစက်လုပ်ငန်းရှင်များအနေဖြင့် မိရိုးဖလာ လုပ်ကိုင်နေသော ထုတ်လုပ်မှုပုံစံမှ ခေတ်မီဆီသန့်စင်နည်းပညာများအသုံးပြုပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် အရည်အသွေးမြင့်ဆီများကို ထုတ်လုပ်ရောင်းချခြင်းဖြင့် လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမှာစကားများ ပြောကြားပြီး မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌက အသင်း၏ ရည်ရွယ်ချက်၊ ရှေ့လုပ်ငန်းစဉ်နှင့် Myanmar Laboratory Network ဥက္ကဋ္ဌ၊ ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်က ရောနှောဆီနှင့် စံချိန်စံညွှန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ ဆောင်ရွက်ချက်များကို အစီရင်ခံတင်ပြခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်း၏ ၂၀၂၂-၂၀၂၃ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းနှင့်ပတ်သက်၍ စာရင်းစစ်အစီရင်ခံစာအား ဖတ်ကြားခြင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ နှစ်ပတ်လည်အစည်းအဝေးသို့ ကြိုတင်ပေးပို့ထားသော မေးခွန်းများ၊ အကြံပြုလွှာများကို ဖတ်ကြားတင်ပြခြင်းနှင့် ပြန်လည်ဖြေကြားခြင်း၊ အသင်း၏ သင်းဖွဲ့စည်းမျဉ်း ပြင်ဆင်ဖြည့်စွက်ချက်များနှင့် ပတ်သက်၍ တက်ရောက်လာသူများထံမှ အတည်ပြုချက်များရယူခြင်း၊ ကုမ္ပဏီအသီးသီး၏ ထုတ်ကုန်ပစ္စည်းများအား မိတ်ဆက်ပြသခြင်းများကို ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများသည် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များက ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်အားပေးကြည့်ရှုသည်။ (ဓာတ်ပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံးတွင် Hybrid System ဖြင့် ကျင်းပလျက်ရှိသည့် အင်ဂျင်နီယာပညာရေး အဆင့်မြှင့်တင်ခြင်းသင်တန်း ဖွင့်လှစ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ စက်မှုသိပ္ပံများရှိ ဘွဲ့၊ ဒီပလိုမာသင်တန်းများ၏ အဆင့်အတန်းကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ အင်ဂျင်နီယာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ သိပ္ပံများနှင့် ရင်ပေါင်တန်း၍ တန်းတူရည်တူဖြစ်စေရေးအတွက် ဝါရှင်တန်သဘောတူညီချက် (Washington Accord)၊ ဆစ်ဒနီသဘောတူညီချက် (Sydney Accord)၊ ဒက်ဘလင်သဘောတူညီချက် (Dublin Accord) များသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအား တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ စက်မှုသိပ္ပံများမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စက်မှုသိပ္ပံများအတွက် အသိအမှတ်ပြုစစ်ဆေးပေးမည့် အကဲဖြတ်ဆရာ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သီးထပ်စွမ်းအားတိုးမြှင့်ရေးအတွက် ရရှိနိုင်သောရေအရင်းမြစ်များ ရှာဖွေဖော်ထုတ်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

ကမ္ဘာနှင့်အဝန်း ပြောင်းလဲလာသော ရာသီဥတုဖြစ်စဉ်များကြောင့် ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှု လျော့နည်းလာလျက်ရှိသော်လည်း စိုက်ပျိုးထုတ်လုပ်မှုအပေါ် ထိခိုက်မှုမရှိစေရန် ဖြစ်နိုင်စွမ်းရှိသော ရေရရှိရေးလုပ်ငန်းများကို စူးစမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယမန်နေ့က ဇေယျာသီရိမြို့နယ် သက်နှင်းအင်းကျေးရွာအနီး ပြွန်သုံးလုံး ရှေ့တန်းစခန်းတွင် ရေဆင်းဆည်ရေသောက် ရေအသုံးချသူများအဖွဲ့ (WUG) ခေါင်းဆောင်များနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် က ပြောကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးက စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် သီးနှံအလိုက် ရေလိုအပ်ချက်ကို စနစ်တကျ ပေးဝေနိုင်ရေးအတွက် တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးသည့် သီးနှံနှင့် စိုက်ပျိုးချိန်တူညီရန်လိုကြောင်း၊ ဒေသနေ တောင်သူတိုင်း အဆင်ပြေပြေ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးနှင့် စည်းလုံးညီညွတ်သော ဒေသအဖြစ် တိုးတက်ဖွံ့ဖြိုးလာရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှုများ ပြုလုပ်၍ မိမိတို့အားလုံး ပူးပေါင်းပါဝင်ကြရန်လိုကြောင်း၊ ရေဆင်းရေလှောင်တမံ၏ ရေဝေရေလဲဒေသအတွင်း မိုးရွာသွန်းမှု နည်းပါးလာခြင်းကြောင့် ဆည်ရေသိုလှောင်နိုင်မှု လျော့ကျလျက်ရှိရာ စိုက်ပျိုးရေနှင့် ဒေသသောက်သုံးရေပေးဝေနိုင်ရန် အခက်အခဲ ကြုံတွေ့နေရမှုအပေါ် အကောင်းဆုံးကျော်လွှားနိုင်ရေးနှင့် ဒေသ၏ သီးထပ်စွမ်းအား တိုးမြှင့်ရေးအတွက် ရေကူလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သီးနှံအလိုက် ရေလိုအပ်ချက်အတိုင်း ပေးသွင်းစိုက်ပျိုးနိုင်ရန်နှင့် ရေအလေအလွင့်မရှိ ပေးဝေနိုင်ရန် အနည်းဆုံး ရေလိုအပ်ချက်ကို ချွေတာသုံးစွဲခြင်းကို တောင်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ထန်းတပင်ကျေးရွာနှင့် ရွာသစ်ကျေးရွာအနီးရှိ ကျွန်းရောင်-အိုင်စောက်-ပေါင်းလောင်း ရေနုတ်မြောင်းပေါ်တွင် တည်ဆောက်ထားသော ရေသောက်စနစ်အပေါ်ပိုင်း လယ်မြေများရှိ စွန့်ထုတ်ရေကို ပြန်လည်အသုံးပြုနိုင်ရန် တည်ဆောက်ထားသော ရေမြှင့်ရေထိန်းတံခါး အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

**သတင်းစဉ်**

# မြို့နယ်ချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ၂၅ ရာခိုင်နှုန်းပြီးစီး

**နေပြည်တော် ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်နှင့် ကံမမြို့နယ်ကြား ဆက်သွယ်ထားသော ပြရေ-ပုထိုးလမ်း လမ်းအရှည်(၂/၁)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၃၂ ဒသမ ၁၀၅ သန်းဖြင့် သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးကြပ်၍ တင်ဒါအောင်ကုမ္ပဏီက ဩဂုတ်လ ပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ (ယာပုံ)



အဆိုပါကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၇၃၄ အိမ်၊ လူဦးရေ ၃၀၅၉ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေမည်ဖြစ်ပြီး သရက်မြို့နှင့် ကံမမြို့တို့ကို အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ဇော်ဘိ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၇ ရက်မှ ၂၀ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး အတွင်းရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်များသို့ သွားရောက်၍ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများနှင့်တွေ့ဆုံကာဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဩဂုတ် ၁၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နည်းပညာတက္ကသိုလ်(မှော်ဘီ)၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည် နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ပြည်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်) သို့ ရောက်ရှိကာ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များကို လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ပြည် နည်းပညာတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ပြည်) စီမံကိန်း တည်ဆောက်ရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။




ဩဂုတ် ၁၉ ရက်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ရောက်ရှိရာ နည်းပညာတက္ကသိုလ်(မကွေး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)သို့လည်းကောင်း၊ ယနေ့တွင် ကွန်ပျူတာတက္ကသိုလ် (မကွေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (မကွေး)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ရေနံချောင်း) သို့လည်းကောင်း သွားရောက်၍ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၏ ကျောင်းဆိုင်ရာအချက်အလက်များ ဆွေးနွေးတင်ပြမှုနှင့် ဆရာ ဆရာမ၊ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူ များ၏ သင်ကြားသင်ယူဆောင်ရွက်နေမှု၊ လက်တွေ့ခန်းများတွင် လက်တွေ့ဆောင်ရွက်နေမှု၊ ကျောင်းသား ကျောင်းသူများ၏ အားကစားယှဉ်ပြိုင်နေမှုနှင့် ကျောင်းသား ကျောင်းသူအိပ်ဆောင်များတွင် နေထိုင်စားသောက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ အနီးကပ်ကြီးကြပ်ထောက်ပံ့မှုဖြင့် မကျီးကန်ကျေးရွာရှိ Daily Integrated Farm လုပ်ငန်းတွင် နည်းပညာတက္ကသိုလ်(မကွေး)မှ တာဝန်ယူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဇီဝဓာတ်ငွေ့ကန် အမှတ်(၂/၂၀၂၃)သို့ သွားရောက်ကာ လိုအပ်သော နည်းပညာများ ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေး မှာကြားချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ( ၇ )ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ နောက်ဆုံးနေ့ မြန်မာပြခန်းများ ဆက်လက်ပြသပြီး စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုး




နေပြည်တော် ဩဂုတ် ၂၀

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Dianchi International Convention and Exhibition Center တွင် ကျင်းပပြုလုပ်နေသည့် (၇) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ၏ နောက်ဆုံးနေ့ဖြစ်သည့် ယနေ့တွင် မြန်မာနိုင်ငံပြခန်းများ ဆက်လက်ပါဝင်ပြသရာ လာရောက်ကြည့် ရှုသူများဖြင့် စည်ကားလျက်ရှိသည်။



မြန်မာပြခန်းသို့ လာရောက်ကြသူများကို မြန်မာ့ထုတ်ကုန်များဖြစ်သည့် ကော်ဖီ၊ လက်ဖက်စို၊ လက်ဖက်ခြောက်၊ ဆီးဖျော်ရည်နှင့် စားသောက်ကုန်များကို မိတ်ဆက်ကျွေးမွေး၍(ဝဲပုံ) ဈေးကွက်ရရှိရေး ဆောင်ရွက်ခဲ့ကြသည်။ ပြခန်းဆောင်အတွင်း ပြသထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာ့ခရီးသွားနေရာများကိုလည်း ပြခန်းသို့ လာရောက်သူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြသည်။

ထို့ပြင် ကုန်စည်ပြပွဲတွင် ပါဝင်ပြသနေသော မြန်မာကုမ္ပဏီ/ အသင်းအဖွဲ့များ ဖြစ်သည့် ကိုးကန့် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊ AJ Myanmar၊ Good Brother Group Co. ,Ltd၊ Global Earth Agro and Aqua International Co.,Ltd တို့သည် ဂုဏ်ထူးဆောင် နိုင်ငံပြခန်းဆောင်တွင် တရုတ်နိုင်ငံ ကူမင်းမြို့၊ ချုံချင့်မြို့နှင့် ကွမ်ရှီးပြည်နယ် သုံးရှင်းမြို့ အခြေစိုက် ကုမ္ပဏီလေးခုတို့နှင့် ပို့ကုန်/သွင်းကုန် လုပ်ငန်း၊ ကုန်စည်ဖြန့်ဖြူးရေး၊ လယ်ယာထွက်ကုန်၊ ရေထွက်ပစ္စည်းများနှင့် ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

## ဖျာပုံမြို့နယ်၌ ၂၀၂၃-၂၀၂၄ မိုးရာသီကော်ဖီ (သီးနှံ)စိုက်ပျိုးပွဲကျင်းပ

ဖျာပုံ ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမာမြို့အတွင်း တောင်သူများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေပြီး သီးနှံစိုက်ဧကများ မြင့်မားစေရန်နှင့် အပိုဝင်ငွေရရှိစေရန်ရည်ရွယ်၍ အမာမြို့ (၃)ဘဝသစ်ကျေးရွာ ပျဉ်ဒရယ်ကြိုးဝိုင်း တောင်သူ ဦးသိန်းအောင်၏ စိုက်ခင်းလေးဧကတွင် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးရာသီကော်ဖီ (သီးနှံ) စိုက်ပျိုးပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက်က ပြုလုပ်သည်။

### စုပေါင်းစိုက်ပျိုး

မိုးရာသီကော်ဖီ (သီးနှံ)စိုက်ပျိုးပွဲသို့ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်း၊ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ ဖျာပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ထားမောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာအေးနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ အမာမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးပြည့်စုံဝင်းနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး မိုးရာသီကော်ဖီ (သီးနှံ) များကို စုပေါင်းစိုက်ပျိုးကြသည်။

### အပိုဝင်ငွေရရှိ

ဖျာပုံမြို့နယ်အနေဖြင့် သီးနှံစိုက်ဧကများ မြင့်မားရေး၊ တောင်သူ အပိုဝင်ငွေရရှိရေး၊ အိမ်ခြံဝင်းများအတွင်း ကော်ဖီသီးနှံစိုက်ပျိုးခြင်းကို တစ်နှစ်လျှင် ၁၀ ကေနှုန်းဖြင့် ငါးနှစ်စီမံချက်ရေးဆွဲပြီး ဧက ၅၀ ကို တောင်သူများတစ်နိုင်တစ်ပိုင် အပိုဝင်ငွေရရှိရေး လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဌာနဆိုင်ရာဝန်ထမ်းများအား ဆန်နှင့်မြေပဲဆီ ဖြန့်ဖြူးရောင်းချ

ဘားအံ ဩဂုတ် ၂၀

ကရင်ပြည်နယ် ဘားအံမြို့ပေါ်ရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ သက်သာ ချောင်ချိရေးအတွက် ပြည်နယ်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ကရင်ပြည်နယ် သမဝါယမဦးစီးဌာန အစီအစဉ်ဖြင့် သမဝါယမ ဦးတည်ချက် ရည်မှန်းချက်များနှင့်အညီ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် ရယူဆောင်ရွက်လျက်ရှိသော ဘားအံမြို့နယ်ရှိ ဆန်စက်လုပ်ငန်းရှင်များ သမဝါယမအသင်းနှင့် ဆီစက်လုပ်ငန်းရှင်များ သမဝါယမအသင်းတို့မှ ဒေသတွင်းထုတ်လုပ်သည့် ဆန်နှင့် ဆီများအား ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားဖြင့် မတ်လမှစတင်၍ လဆိုင်းစနစ် ရောင်းချခဲ့သည်။



ယခုနှစ် ဩဂုတ်လအတွက် ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာ ၁၃ ခုမှ ဝန်ထမ်းများအား ဆန် ၉၆ အိတ် တန်ဖိုးငွေကျပ် ၈၄၀၀၀၀၀ နှင့် မြေပဲဆီ ၃၅ ဒသမ ၅ ပိဿာ တန်ဖိုးငွေကျပ် ၅၁၄၇၅၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၉၁၄၇၅၀ တို့ကို ဖြန့်ဖြူးရောင်းချလျက်ရှိပါကြောင်းနှင့် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် စဉ်ဆက်မပြတ် ဖြန့်ဖြူးရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း မောင်တောမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဩဂုတ် ၂၀**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မောင်တောမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မောင်တောမြို့နယ် ရွှေဇားကျေးရွာအနီး မွေးမြူရေးလုပ်ငန်းရှင် ဦးရော်ရှိတ်၏ ပုစွန်ကန် ၁၀၂ ဒသမ ၀၀ ဧက၌ ငါးပုစွန်မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးက မောင်တောမြို့နယ်အတွင်း ငါးပုစွန်မွေးမြူရေးကန်များနှင့် သဘာဝရေငန်ပုစွန်ကျား၊ ပုစွန်ဖြူ ရေငန်ငါးမျိုးများနှင့် ရွံ့ကဏန်းများမွေးမြူထုတ်လုပ်ရောင်းချနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များကို မှာကြားကာ ငါးပုစွန်မွေးမြူရေးကန်အတွင်း လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ယာပုံ)**



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မောင်တောမြို့နယ် လှဖိုးခေါင်ယာယီနေရာချထားရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ရှင်းလင်းဆောင်၌ စခန်းတာဝန်ခံက ပြန်လည်ဝင်ရောက်လာသူများအတွက် စီမံဆောင်ရွက်ထားရှိမှု၊ မိုခါမုန်တိုင်းဒဏ်ကြောင့် အဆောက်အဦများ ပျက်စီးဆုံးရှုံးခဲ့မှု၊ ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် စခန်းအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က စခန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများနှင့် ပြန်လည်လက်ခံရေးဆောင်ရွက်ကြမည့် ဝန်ထမ်းများအနေဖြင့် နေရာချထားရေးလုပ်ငန်းများ၊ လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း၊ စတင်လက်ခံသည်မှ ပြန်လည်နေရာချထားသည်အထိ အုပ်ချုပ်စီမံမှုအပိုင်းမှသည် စနစ်တကျဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းနှင့် စခန်းအတွင်း တာဝန်ဆောင်နေကြသည့် ဝန်ထမ်းများကိုလည်း လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စခန်းအတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး စခန်းအတွင်း ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မောင်တောမြို့ သာသနာ့ဗိမာန်၌ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မောင်တောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးက မောင်တောခရိုင်၏ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းရှင်များက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်နေသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ထိုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့် မြေပြင်ကွင်းဆင်းကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံပြီး လိုအပ်ချက်များကို သိရှိကာ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် စားရေရိက္ခာဖူလုံရေးသည် အဓိကဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်သည့် အခြေအနေများစွာရှိနေသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယခုအချိန်တွင် မြို့နယ်တစ်ခု၊ ထုတ်ကုန်တစ်ခု ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လိုသည့်ကိစ္စများကို မြို့နယ်၏ စီမံကိန်းရေးဆွဲဆောင်ရွက်ရာတွင် ထည့်သွင်းရေးဆွဲနိုင်ရေး ဌာနဆိုင်ရာများအနေဖြင့် ကျေးရွာများသို့ ကွင်းဆင်းကာ ပြည်သူများနှင့် ထိတွေ့ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ဌာန၏မူလတာဝန်များကို ယခင်ထက်သာလွန်ကောင်းမွန်အောင် ဆောင်ရွက်သွားကြမည်ဆိုလျှင် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ မောင်တောခရိုင်အတွင်း မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ပုစွန်သားဖောက်စခန်းများ ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသဖြစ်သည့် မောင်တောဒေသတွင် နယ်စပ်ကုန်သွယ်ရေး ပို့ကုန်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်အောင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များရှိပါကလည်း မိမိတို့အစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများ၊ အုပ်ချုပ်မှုအဖွဲ့အစည်းများကလည်း ပြည်သူများနှင့် ထိတွေ့ပြီး လိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် ဒေသခံပြည်သူများကလည်း ဌာနဆိုင်ရာအသီးသီး၏ အားကိုရယူကာ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် နိဂုံးချုပ်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မောင်တောမြို့နယ်အတွက် ခြင်ဆေးဖြန်းစက်တစ်လုံးကို ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မောင်တောမြို့ မြို့မဘုန်းတော်ကြီးကျောင်းတိုက်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော မဟာကျန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကာ ဘုန်းတော်ကြီးကျောင်းရှိဆရာတော်အား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရသေ့တောင်မြို့နယ် အငူမော်ဆိပ်ကမ်းသို့ သွားရောက်ပြီး ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကြောင့် ထိခိုက်ပျက်စီးသွားသော ဆိပ်ခံတံတားကို ကြည့်ရှုစစ်ဆေးကာ ပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ဒဏ်သင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ တတိယအကြိမ်မြောက် ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၀**

ကျန်းမာရေး ဝန်ကြီးဌာနသည် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ဒဏ်သင့် ရခိုင်ပြည်နယ်မှ ဒေသခံပြည်သူများ လိုအပ်သော အထူးကုသမှုများ(Super Specialty) ရရှိနိုင်စေရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)-ရန်ကုန်တို့မှ နှလုံးရောဂါဆေးပညာ၊ အစာအိမ်နှင့် အူလမ်းကြောင်း ဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြော ဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ပညာ၊ ဆီးချိုနှင့် ဟော်မုန်းဆေးပညာ၊ သွေးရောဂါပညာ၊ ရင်ခေါင်းဆေးပညာ၊ အရိုးအကြောအဆစ်ဆေးပညာ၊ အထွေထွေရောဂါကုဆေးပညာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ဩဂုတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ကာ ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့မှ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံအငြိမ်းစားဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။ (ဝဲပုံ)



### ကြည့်ရှုကုသ

အဆိုပါ အထူးကုဆေးကုသရေးအစီအစဉ်တွင် စစ်တွေမြို့အပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ အခြားသော မြို့နယ်များဖြစ်သည့် ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ရသေ့တောင်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ မောင်တော၊ ဘူးသီးတောင် စသည့်မြို့နယ် ၁၀ မြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေ ပြည်သူများပါ လာရောက်ပြသခဲ့ပြီး နှစ်ရက်အတွင်း နှလုံးရောဂါဆိုင်ရာ ၁၀၁ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ၇၅ ဦး၊ ဦးနှောက်နှင့် အာရုံကြော ဆေးကုသမှုဆိုင်ရာ ၉၅ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ ၄၈ ဦး၊ ဆီးချိုနှင့်ဟော်မုန်းဆိုင်ရာ ၆၉ ဦး၊ သွေးရောဂါဆိုင်ရာ ၁၆ ဦး၊ အထွေထွေရောဂါဆိုင်ရာ ၁၈၅ဦး၊ ရင်ခေါင်းရောဂါဆိုင်ရာ လူနာ ၂၅ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ ၂၅၇ ဦး စုစုပေါင်း ဒေသခံပြည်သူ ၈၇၁ ဦး တို့ကို ကြည့်ရှုကုသမှုပေးခဲ့သည်။

အဆိုပါ လူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardiography) ၃၁ ဦး၊ အစာအိမ်နှင့်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း (OGDS) ၁၄ ဦး၊ အူမကြီးမှန်ပြောင်း ကြည့်ရှုခြင်း (Colonoscopy) နှစ်ဦး၊ ဒူးခေါင်းတွင်းဆေးထိုး၍ ကုသပေးသူ ငါးဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (CT scan) ကိုးဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၇၁ဦး၊ ဓာတ်ခွဲစမ်းသပ်သူ ၁၆၈ ဦး၊ Ultrasound ရိုက်ခြင်း ၂၉ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း(ECG) ၁၂၄ ဦးတို့ကို စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ပြီး နှလုံးရောဂါဆက်လက်ဆေးကုသရန် လိုအပ်သော လူနာခြောက်ဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လည်းကောင်း၊ ရင်ခေါင်းဆေးကုသမှု ဆက်လက်ဆောင်ရွက်ရန် လိုအပ်သော လူနာတစ်ဦးကို အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)-ရန်ကုန်သို့လည်းကောင်း လွှဲပြောင်းကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### ဆက်လက်ဆောင်ရွက်မည်

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေးနှင့် ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ် လျော့နည်းကျဆင်းစေရေးအတွက် ရန်ကုန်/မန္တလေးမှ အထူးကုဆေးကုသရေးအဖွဲ့များ၏ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိရာ ယခုခရီးစဉ်သည် ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်သို့ တတိယအကြိမ်စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး - ပုသိမ်မြို့၊ ရှမ်းပြည်နယ် - တောင်ကြီးမြို့၊ မကွေးတိုင်းဒေသကြီး-မကွေးမြို့ များသို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ အခြားသော တိုင်းဒေသကြီး/ပြည်နယ်များ၌လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၃ ခုနှစ် မွန်ပြည်နယ် မုတ်သုံဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲတက်ရောက်



**မော်လမြိုင် ဩဂုတ် ၂၀**

မွန်ပြည်နယ်၌ အများပြည်သူများ အသက်အရွယ်မရွေး ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်နိုင်ရန် အားကစားနည်းအလိုက်ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိရာ ၂၀၂၃ ခုနှစ် မွန်ပြည်နယ်မုတ်သုံဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများ၊ ဖိတ်ကြားထားသည့် ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက Color ball ရိုက်ပြီး ပြိုင်ပွဲကို အားပေးဂုဏ်ပြုခဲ့ကြကာ ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများ၏ ဝင်ရောက်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ တန်းလိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ နှစ်ယောက်တွဲ ပြိုင်ပွဲ၊ အကြိုးစားဆုံး အားကစားသမားဆု၊ ရိုက်ချက်အလိုက် အကောင်းဆုံး ဂေါက်သီးရိုက် အားကစားသမားဆုများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများကဆုများ ချီးမြှင့်ပေးသည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၄ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ကျင်းပခဲ့ပြီး ဌေးသည်တော်များနှင့် အမျိုးသား၊ ဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ပြိုင်ပွဲဝင် အားကစားသမားများက ပြိုင်ပွဲပုံစံ Handing Cap Stroke ပုံစံဖြင့် ကျင်း ၁၈ ကျင်း ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

**သက်နိုင် (မော်လမြိုင်)**

## ၂၀၂၃ ခုနှစ် ဩဂုတ်လ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၂၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈ ရက်မှ ၁၁ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့်သပိတ်ကျင်းမြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် နှစ်ပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် သုံးပေခန့်စီ၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် တစ်ပေခန့်စီ၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## မြစ်ကြီးနား နာနတ်သီးလှိုင်လှိုင်ထွက်ပေါ်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း မန်ခိန်၊ ရွှေစက်၊ ပလန၊ မိုင်းနားဒေသများတွင် နာနတ်သီးကို စီးပွားဖြစ်စိုက်ပျိုးကြပြီး မိုးနာနတ်သီးနှင့် ဆောင်းနာနတ်သီးဟူ၍ နှစ်ကြိမ်ထွက်ရှိကြောင်း၊ မြစ်ကြီးနားမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၃၀၀ ကျော် စိုက်ပျိုးခဲ့ပြီး မိုးနာနတ်သီးများကို မြစ်ကြီးနားမြို့ သစ်သီးအရောင်းဆိုင်များ၊ နာနတ်ယို၊ ဖျော်ရည်လုပ်ငန်းများမှ ဝယ်ယူသည့်အပြင် မန္တလေးမြို့သို့လည်း တင်ပို့နေကြောင်း သိရသည်။



မြစ်ကြီးနား မိုးနာနတ်သီးသည် ၂၀၂၃ ခုနှစ် ဇူလိုင်လ (ပထမအပတ်) တွင် စတင်ထွက်ရှိ၍ နာနတ်သီးတစ်လုံးလျှင် ကျပ် ၁၅၀၀ မှ ၁၈၀၀ ကျပ်အထိ ဈေးရှိခဲ့ပြီး ယခုကာလ နာနတ်သီးလှိုင်လှိုင်ပေါ်ချိန်တွင် ဈေးကွက်သို့အများအပြားတင်ပို့လျက်ရှိရာ အရောင်းသွက်နေကြောင်း၊ ဈေးနှုန်းအနေဖြင့် ဩဂုတ်လ (ပထမအပတ်) တွင် နာနတ်သီး တစ်လုံးလျှင် ကျပ် ၁၀၀၀ မှ ကျပ် ၁၅၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်နှစ်က ဈေးနှုန်းထက် တစ်လုံးလျှင် ကျပ် ၃၀၀ မှ ကျပ် ၅၀၀ အထိ ပိုမိုရရှိသောကြောင့် အကျိုးအမြတ်များစွာရရှိသည့်အတွက် နာနတ်သီးကို လိမ္မော်ခြံ၊ ရော်ဘာခြံများတွင်လည်း သီးညှပ်သီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **DOCA(ကချင်)**

## မိတ္ထီလာခရိုင်၌ မိုးနှမ်းများ စတင်ရိတ်သိမ်း

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ မိုးနှမ်းများကို ဩဂုတ်လဆန်းပိုင်းမှစတင်၍ ရိတ်သိမ်းနေကြောင်း၊ ခရိုင်အတွင်း မိုးနှမ်းစိုက်ဧက ၃၃၀၀၀၀ ခန့်ရှိပြီး မိုးနှောင်းနှမ်းကို စိုက်ပျိုးမှုမရှိဘဲ နွေနှမ်းကို ဆည်ရေရသော ဒေသအနည်းငယ်တွင်သာစိုက်ပြီး မိုးနှမ်းကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။ ဒေသရာသီဥတုနှင့် ကိုက်ညီပြီး မိရိုးဖလာစိုက်ပျိုးသော မိုးနှမ်းကို မေလ (ကဆုန်လ) မှစတင်၍ ရက် ၆၀ မျိုး (သက်နု) ကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် ကုန်ကျစရိတ်အနေဖြင့် ကျပ် ၁၅၀၀၀၀ ခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် သုံးတင်းခွဲမှ လေးတင်းအထိ ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နှမ်းညိုတစ်တင်းလျှင် ကျပ် ၁၀၈၀၀၀ နှင့် နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၁၀၀၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိပြီး ဈေးကွက်အနေဖြင့် မန္တလေးမြို့သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ **DOCA (မန္တလေး)**

## သာယာဝတီခရိုင်၌ မိုးစပါးများ စိုက်ပျိုးပြီးစီး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် မိုးစပါးများ စိုက်ပျိုးပြီးစီးကြောင်း၊ ခရိုင်အတွင်း မိုးစပါး စိုက်ပျိုးထားရှိမှု အနေဖြင့် သာယာဝတီမြို့နယ်၌ စိုက်ဧက ၁၀၃၆၅၉၊ လက်ပံတန်းမြို့နယ်၌ စိုက်ဧက ၁၀၁၈၃၈၊ မင်းလှမြို့နယ်၌ စိုက်ဧက ၇၆၁၄၁၊ မိုးညိုမြို့နယ်၌ စိုက်ဧက ၄၈၈၆၀၊ အုတ်ဖိုမြို့နယ်၌ စိုက်ဧက ၁၀၀၃၇၄ နှင့် ကြို့ပင်ကောက်မြို့နယ်၌ စိုက်ဧက ၈၆၈၂၅ ဖြစ်ရာ မိုးစပါးစိုက်ဧက စုစုပေါင်း ၅၁၇၆၉၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ သာယာဝတီခရိုင်၌ မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၅၁၇၅၁၀ ရှိသော်လည်း အမှန်စိုက်ဧက ၅၁၇၆၉၇ ဧက ဖြစ်ရာ ၁၀၀ ဒသမ ၀၄ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားဧကအပေါ် ၁၈၇ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **DOCA (ပဲခူး)**

## စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မြန်မာ - ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် ရခိုင်ပြည်နယ် စစ်တွေနှင့် မောင်တောကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်၍ နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ မန်ကျည်းစေ့ ၅၄ တန်၊ ဆီးဖတ် ၃၂ တန်၊ ချင်းအစို ၂၆ တန်နှင့် ဆီးယိုထုပ် တန် ၂၀ တို့ကို တင်ပို့နိုင်ခဲ့သည်။

ငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၁၆ ဒသမ ၂ တာကာနှင့် တစ်တာကာလျှင် ၃၁ ကျပ် ဖြစ်ကြောင်း သိရသည်။ **DOT ( စစ်တွေ)**

## ပေါက်ခေါင်းမြို့နယ်၌ ပဲနောက်သီးနှံများ စတင်ထွက်ပေါ်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်၌ ပဲနောက်သီးနှံကို မိုးဦးကာလများတွင် ဧကအနည်းငယ် စိုက်ပျိုးထားရှိရာ စိုက်ပျိုးပြီး သုံးလအကြာ (မိုးလယ်ကာလ) တွင် စတင်ထွက်ရှိကြောင်း သိရသည်။ အထွက်နှုန်းအနေဖြင့် ပဲနောက်သီးနှံ တစ်ဧကလျှင် ၁၀ တင်းနှုန်းခန့်ထွက်ရှိရာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် အထွက်နှုန်းနည်းကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ကျပ် ၁၅၀၀၀၀-၂၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့် ပဲနောက်တစ်တင်းလျှင် ပဲအရည်အသွေးအပေါ်မူတည်၍ အရည်အသွေးကောင်းလျှင် ကျပ် ၆၀၀၀ ခန့်ဖြင့် လည်းကောင်း၊ အရည်အသွေးအနည်းငယ်ညံ့လျှင် ကျပ် ၅၀၀၀ ခန့်ဖြင့် လည်းကောင်း နယ်ပွဲစားများမှ ဝယ်ယူလျက်ရှိကြောင်း သိရသည်။ **DOCA (ပဲခူး)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဝက်၊ ဆိတ်မွေးမြူရေးဇုန် သီးသန့်ဖော်ထုတ်မှု ကြည့်ရှုစစ်ဆေး



**ဘားအံ ဩဂုတ် ၂၀**

ဒေသတွင်း မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ပြီး စားရေရိက္ခာဖူလုံ၍ ပိုလျှံသည်များအား ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဘားအံ-လှိုင်းဘွဲ့ကားလမ်းမကြီးဘေးရှိ စက်မှုဇုန်အနောက်ဘက် မိဇံကျေးရွာ၊ ပတုပ်စားကျက်ကွင်းနှင့် ပတုပ်တောင်ကွင်းတို့တွင် ဝက်မွေးမြူရေးဇုန်သီးသန့်နှင့် ဆိတ်မွေးမြူရေးဇုန်သီးသန့်တို့ကို ဖော်ဆောင်လျက်ရှိရာ ဩဂုတ် ၁၉ ရက်က ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝက်၊ ဆိတ်မွေးမြူရေးဇုန် သီးသန့်ဖော်ထုတ်ရာတွင် အသစ်ဖောက်လုပ်နေသည့် တစ်ကြောင်းထိုးမြေသားလမ်း ပေ ၂၀၀ လမ်း ပေ ၁၇၉၀၊ ပေ ၁၀၀ လမ်း ပေ ၂၁၈၅၊ ပေ ၆၀ လမ်း ပေ ၁၇၁၆၀၊ အဆင့်မြှင့်တင်ရမည့် ပေ ၆၀ လမ်း ပေ ၃၀၅၀ အစရှိသော ဇုန်ပတ်လမ်း၊ ဇုန်တွင်းလမ်း၊ ဝင်လမ်း၊ ထွက်လမ်းများ ဖော်ထုတ်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောကျော်ဝင်းနှင့် တာဝန်ရှိသူများက ပထမအဆင့်အနေဖြင့် တစ်ကြောင်းထိုးမြေသားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ခြင်းဖြစ်သဖြင့် စနစ်တကျဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန်၊ လိုအပ်သည့် Pipe Culvert၊ Box Culvert များကို တွက်ချက်တင်ပြရန်၊ နိုဝင်ဘာလတွင် ကျရောက်မည့် ကရင်ပြည်နယ်နေ့အမီ ဖွင့်လှစ်နိုင်ရေး တွန်းအားပေးဆောင်ရွက်ကြရန်၊ လက်ရှိမွေးမြူသူများနှင့် စိတ်ပါဝင်စားသူများအနေဖြင့် ဇုန်အသစ်တွင် မွေးမြူနိုင်ရေး လာရောက်ကြည့်ရှုလေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး စားရေရိက္ခာဖူလုံပိုလျှံ၍ အသားထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားလာစေရန်နှင့် မွေးမြူရေးလုပ်ငန်းများမှတစ်ဆင့် ထုတ်ကုန်များ(ကုန်ချော) တိုးမြှင့်ထုတ်လုပ်ကာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဝက်၊ ဆိတ်မွေးမြူရေးဇုန်(သီးသန့်) ကို ဖော်ဆောင်နေခြင်းဖြစ်ပြီး ရှင်းလင်းဆောင်၊ ဝက်ဒိုင်၊ ဆိတ်ဒိုင်၊ ရုံးခန်း၊ ဆေးဝါးနှင့် တိရစ္ဆာန်အစာဆိုင်နေရာများ ပါဝင်မည်ဟု သိရသည်။ ဝက်မွေးမြူရေးဇုန် ၄၉ ဒသမ ၀၇ ဧကနှင့် ဆိတ်မွေးမြူရေးဇုန် ၄၉ ဒသမ ၃၁ ဧကပေါ်တွင် တစ်ယူနစ်လျှင် ၀ ဒသမ ၇၅ ဧကခန့်ရှိ အကွက်ပေါင်း ၅၀ စီခန့်ဖော်ဆောင်၍ ခေတ်မီနည်းစနစ်များဖြင့် မျိုးကောင်းမျိုးသန့် ဝက်၊ ဆိတ်(သီးသန့်)မွေးမြူထုတ်လုပ်နိုင်ရန် ယခုကဲ့သို့ သီးသန့်ဇုန်များ ဖော်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ

*(ယမန်နေ့မှအဆက်)*

### "အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)
- (က) လူချွန်လူကောင်း (ကိုအံ့ကြီး)
- (ခ) ဖေဖေပြောသောပုံပြင် (မောင်တင်ဝင်း)
- (ဂ) ချစ်ခြင်းတရားနဲ့ ပြည်ထောင်စု (ခင်မောင်ထူး)
- (ဃ) လုလင်ငယ်သွေး (ကိုမင်းနောင်)
- (င) ငြိမ်းချမ်းရေးပန်းခင်း (ခိုင်ထူး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသမီး)
- (က) ဖေယျာကမ်းအလှပန်းချီ (ရီရီသန့်)
- (ခ) ပုဂံအလှရှာပုံတော် (ချိုဝေလွင်)
- (ဂ) ပန်းရည်ဘဏ်တိုက် (ခင်သစ်လွင်)
- (ဃ) ကြိုနေမယ့်နေ့များ (ဟေမာနေဝင်း)
- (င) ငြိမ်းချမ်းရေးပန်းခင်း (လေးလေးဝါး)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)
- (က) မြန်မာသီချင်းဆိုရအောင် (လှမြင့်ဝင်း)
- (ခ) မြန်မာ့စိတ်ရင်းမြန်မာ့ရှုခင်း (ဝင်းဦး)
- (ဂ) အကျင့်ဆိုး (ခိုင်ဝါ)
- (ဃ) နေ့သစ် (စိုင်းထီးဆိုင်)

၄။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)
- (က) မြန်မာ့အလှမြင်ကွင်းကျယ် (တက္ကသိုလ်လဲ့လဲ့)
- (ခ) မြစ်ကြီးရောဝတီ (မြင့်မြင့်ခင်)
- (ဂ) သားချင်းများ ဆုံတွေ့သောအခါ (တင်တင်မြ)
- (ဃ) ဗိုလ်ရှု့သဘင် (မြသက်မူ)

### (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "စောင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ဖြူပြာမူရာ (ပတ်ပျိုး)
- (ခ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
- (ဂ) ထောင်ရောင်နေ (သီချင်းခံ)
- (ဃ) သောင်းကျေးဒီပါဗွေ (မွန်)
- (င) ဘုန်းများများမင်း (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ခါနွေဆန်း (ယိုးဒယား)
- (ခ) မြန်ချာမြေကို (ပတ်ပျိုး)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ပန်းညောင်လှိုင်ဖွဲ့ (ယိုးဒယား)
- (ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
- (ဂ) သင်းရရင်းကြိုင် (ကြိုး)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
- (ခ) ဆန်းနွေဦး (ယိုးဒယား)
- (ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ဆန်းဆန်းသဏ္ဌာကြာညောင် (ယိုးဒယား)
- (ခ) မြတ်ပုလ္လင်တော်ရှေ့ (ဘွဲ့)
- (ဂ) သီလာမြေယံ (ကြိုး)

### "စန္ဒရား" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) တောမြိုင်ခြေလမ်း (ယိုးဒယား)
- (ခ) ယမုန်နာ (ပတ်ပျိုး)
- (ဂ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- (ဃ) စိန်ကြယ်ညီးလင်း (မွန်)
- (င) မိုဃ်းဒေဝါ-ချိန်ခါလေ (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) နန်းသီဟိုဠ် (ယိုးဒယား)
- (ခ) မွေးလွန်းသည့်ပန်း (ကာလပေါ်) စန္ဒရားချစ်ဆွေ(Key-A[b])
- (ဂ) ဒီပါအေးမြ (ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ခ) ဖူးရွှေလက်တင် (ကာလပေါ်) အေဝမ်းတင်တင်လှ(Key-C)
- (ဂ) ဆန်းဆန်းသဏ္ဌာကြာညောင် (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)
- (ခ) ချောကလျာ (ကာလပေါ်) စန္ဒရားချစ်ဆွေ(Key-E[b])
- (ဂ) ဆန်းနွေဦး (ယိုးဒယား)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) အတိုင်းမသိမင်္ဂလာ (ဘွဲ့)
- (ခ) ကန္တာတောခြေ (ယိုးဒယား)
- (ဂ) နှစ်ယောက်ထဲ နေချင်တယ် (ကာလပေါ်) မာမာအေး (Key-F)

# မိုင်းရယ်မြို့နယ် ဟိုတိကျေးရွာအုပ်စုတွင် တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်

**မိုင်းရယ် ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဟိုတိကျေးရွာအုပ်စုရှိ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ဟိုတိကျေးရွာအုပ်စု နမ့်လန်းဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်က တောင်သူများပုံစံ (၇) လျှောက်ထားခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ပုံစံ(၇) ရရှိပါက ရရှိနိုင်မည့် အခွင့်အလမ်းများနှင့် အရေးကြီးပုံကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး တောင်သူများလယ်ယာမြေပိုင်ဆိုင်မှု ခိုင်မာအောင်ရရှိရေးအတွက် လျှောက်ထားရန်ကျန်ရှိသည့် လယ်ယာမြေများကိုလည်း တရားဝင်လျှောက်ထားနိုင်ရေးတို့ကို တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဟိုတိကျေးရွာအုပ်စု အပါအဝင် ရပ်ကွက်တစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု လေးအုပ်စုမှ တောင်သူ ၆၃ ဦး၊ ဦးပိုင်ပေါင်း ၁၀၇ ဦး၊ လယ်ယာမြေဧရိယာစုစုပေါင်း ၆၄၉ ဒသမ ၁၇ ဧကကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ(၇) များကို တောင်သူများလက်ဝယ်ထံသို့ ထုတ်ပေးသည်။

မိုင်းရယ်မြို့နယ်တွင် ယနေ့အထိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) များကို ကျေးရွာအုပ်စု ၂၁ အုပ်စု၊ ဦးပိုင်ပေါင်း ၅၃၁၄ ဦး၊ လယ်ယာမြေဧရိယာ ၁၆၁၆၅ ဒသမ ၁၂ ဧက ထုတ်ပေးပြီးဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## လာအိုနိုင်ငံ၌ အလုပ်သမားများအတွက် အောက်တိုဘာ ၁ ရက်မှစကာ အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်ပေးမည်

ဗီယင်ကျန်း ဩဂုတ် ၂၀

လူနေမှုစရိတ်မြင့်မားလာမှုကို လိုက်လျောညီထွေဖြစ်စေရန်အတွက် အလုပ်သမားများ၏ အနိမ့်ဆုံး လုပ်ခလစာ ကစ်ပ် ၁၃၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၆၆ ဒေါ်လာ) မှ ကစ်ပ် ၁၆၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၈၂ ဒေါ်လာ) သို့ တိုးမြှင့်သတ်မှတ်ရန် လာအိုအစိုးရက အတည်ပြုလိုက်ပြီဖြစ်သည်။



ဇူလိုင်လအတွင်း ပြုလုပ်ခဲ့သည့် အစိုးရအဖွဲ့၏ လစဉ်အစည်းအဝေးအပြီးတွင် လာမည့်အောက်တိုဘာ ၁ ရက်ကစ၍ လာအိုနိုင်ငံရှိ အလုပ်သမားများအတွက် အနိမ့်ဆုံးလုပ်ခလစာတိုးမြှင့်ရေး ကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်း လာအိုပတ္တနာ သတင်းဌာန၏ ထုတ်ပြန်မှုအရ သိရသည်။

ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာခြင်းကြောင့် လာအိုတွင် လူနေမှုကုန်ကျစရိတ်အပေါ် သိသာစွာ သက်ရောက်မှုရှိစေသောကြောင့် အနည်းဆုံး အခကြေးငွေကို တိုးမြှင့်ရန် ၂၀၂၃ ခုနှစ် ဇွန်လတွင် အမျိုးသားလွှတ်တော်က အဆိုပြုခဲ့သည်။

လာအိုငွေကြေးတန်ဖိုး ကျဆင်းခြင်းနှင့် ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်းသည် လာအိုနိုင်ငံသားများ အိမ်နီးချင်းနိုင်ငံများတွင် အလုပ်အကိုင်ရှာဖွေရန်အတွက် အဓိကအကြောင်းရင်းဖြစ်လာပြီး လာအိုတွင် လုပ်သားရှားပါးမှုကို ဖြစ်ပေါ်စေခဲ့သည်။

အခြားနိုင်ငံများတွင် လစာပိုကောင်းသော အလုပ်အကိုင်များရရှိရန် လာအိုနိုင်ငံမှ ထွက်ခွာသူ ပိုများလာသဖြင့် နိုင်ငံ၏ စီးပွားရေး ဆက်လက်ဆိုးရွားနေမည်ကို စိုးရိမ်နေရကြောင်း အမျိုးသားလွှတ်တော် အဖွဲ့ဝင်များက ထုတ်ဖော်ပြောကြားသည်။

ယခုနှစ်အတွင်း လာအိုနိုင်ငံမှ ကျွမ်းကျင်လုပ်သား ၃၁၃၉၄ ဦးခန့် ပြည်ပသို့ ထွက်ခွာခဲ့ပြီး ၂၀၂၃ ခုနှစ် ဧပြီလတွင် ထိုင်းနိုင်ငံသို့ ထွက်ခွာသူ ၃၀၂၀၀ ကျော်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်တွင် လာအိုနိုင်ငံသား ၅၀၀၇၂ ဦးသည် နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြောင်း အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။ **ဆင်ဟွာ**

## သီရိလင်္ကာ၌ မိုးခေါင်မှုကြောင့် စပါးထုတ်လုပ်မှု ထိခိုက်နိုင်သော်လည်း ဆန်ပြတ်လပ်မှုမရှိ

ကိုလံဘို ဩဂုတ် ၂၀

လက်ရှိသီးနှံစိုက်ပျိုးရာသီတွင် ရာသီဥတု ခြောက်သွေ့မှု၏ သက်ရောက်မှုရှိနေသော်လည်း လာမည့်သီးနှံရိတ်သိမ်းချိန်အထိ ဆန်ပြတ်လပ်မှုမရှိကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ဩဂုတ် ၂၀ ရက်က ထုတ်ပြန်သည်။

### မိုးခေါင်ရေရှားမှုဒဏ် ခံခဲ့ရ

လက်ရှိစိုက်ပျိုးရာသီတွင် လယ်ဧက ၅၀၃၀၀၀ စိုက်ပျိုးခဲ့ပြီး အချို့မှာ မိုးခေါင်ရေရှားမှုဒဏ်ကို ခံခဲ့ရသော်လည်း ပြီးခဲ့သည့် စိုက်ပျိုးရာသီတွင် အောင်မြင်စွာ ရိတ်သိမ်းနိုင်ခဲ့ခြင်းကြောင့် ဆန်ပြတ်လပ်မှုရှိလာမည်မဟုတ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး မဟင်ဒါအမရာဝီရက ပြောကြားသည်။

### စက်တင်ဘာလကုန်အထိ တွေ့ကြုံရမည်

သီရိလင်္ကာနိုင်ငံ မိုးလေဝသဌာနက စက်တင်ဘာလကုန်အထိ ခြောက်သွေ့ရာသီကို တွေ့ကြုံရမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ **ဆင်ဟွာ**



## အီသီယိုးပီးယားနိုင်ငံရှိ ကလေး ၁ ဒသမ ၂ သန်း အာဟာရချို့တဲ့မှု ခံစားနေရ

အဒစ်အဘာဘာ ဩဂုတ် ၂၀

အီသီယိုးပီးယားနိုင်ငံတွင် ကလေးငယ် ၁ ဒသမ ၂ သန်းမှာ အာဟာရချို့တဲ့မှုကို ခံစားနေရပြီး နိုင်ငံတစ်ဝန်း ထိခိုက်ခံစားနေရသည့် ပြည်သူများကို ထောက်ပံ့ပေးနေသည်ဟု ကုလသမဂ္ဂက ပြောသည်။

အီသီယိုးပီးယားနိုင်ငံအတွင်း ရောဂါဖြစ်ပွားမှုများနှင့် အစားအသောက်လုံခြုံစိတ်ချရမှုမရှိသည့် နေရာများတွင် ကူညီပေးနိုင်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိသည်ဟု ကုလသမဂ္ဂမှ ပြောရေးဆိုခွင့်ရှိသူ စတီဗင်ဒူဂျာရစ်က ဩဂုတ် ၁၈ ရက်နေ့လယ်ပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။



ရောဂါဖြစ်ပွားမှုများနှင့် အစားအသောက် လုံခြုံစိတ်ချရမှုမရှိခြင်းတို့ကြောင့် ကလေးငယ်ပေါင်း ၁ ဒသမ ၂ သန်းမှာ အာဟာရချို့တဲ့မှုကို ခံစားနေရသည်။ အီသီယိုးပီးယားနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် ဗဟိုအစိုးရနှင့် တီဂရေးလွတ်မြောက်ရေး တပ်ဦးတို့ကြား တိုက်ပွဲများကြောင့် ရက်စက်သည့်ပဋိပက္ခများကြား ကျရောက်ခဲ့ရသည်။

အာဖရိက သမဂ္ဂ၏ ကြားဝင်ဆောင်ရွက်ပေးမှုဖြင့် နှစ်ဖက်စလုံးမှ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိခဲ့ပြီး ပြီးခဲ့သည့် နိုဝင်ဘာလတွင် တိုက်ပွဲများအဆုံးသတ်ခဲ့သည်။ ဆေးဘက်ဆိုင်ရာထောက်ပံ့မှုများ၊ အခြားထောက်ပံ့ရေးပစ္စည်းများနှင့် ကာလဝမ်းရောဂါတိုက်ဖျက်ရေးအတွက် လိုအပ်သည်များကို လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများက ထောက်ပံ့ပေးခဲ့ကြသည်ဟု ဒူဂျာရစ်က ပြောသည်။ နိုင်ငံအတွင်း ကာလဝမ်းရောဂါဖြစ်ပွားမှု ၁၆၈၀၀ ကျော်ရှိပြီး ဩဂုတ် ၂ ရက်အထိ ကာလဝမ်းရောဂါကြောင့် သေဆုံးသူ ၂၁၂ ဦးရှိခဲ့သည်။

အဖာ၊ အမ်ဟာရာ၊ အိုရိုမီရာ၊ စီဒါမာ၊ အနောက်တောင်ဒေသနှင့် တီဂရေးဒေသတို့တွင် အာဟာရချို့တဲ့မှုများကို နှိမ်နင်းနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်း ၃၀ ကျော်က ကူညီဆောင်ရွက်ပေးလျက်ရှိသည်ဟု ၎င်းကပြောသည်။ **ဆင်ဟွာ**

## ပါကစ္စတန် အနောက်မြောက်ပိုင်းဒေသ၌ ဗုံးပေါက်ကွဲမှုကြောင့် အလုပ်သမား ၁၁ ဦး သေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၂၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်တွန်ခဝါပြည်နယ် မြောက်ဝါဇီရစ္စတန်ခရိုင်၌ ဗုံးပေါက်ကွဲမှုကြောင့် အလုပ်သမား ၁၁ ဦး ထက်မနည်း သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကာ သုံးဦးပျောက်ဆုံးနေဆဲဖြစ်သည်ဟု ကယ်ဆယ်ရေးအဖွဲ့က ဩဂုတ် ၂၀ ရက်တွင် ပြောသည်။

အလုပ်သမားများကို တင်ဆောင်လာသည့် မော်တော်ယာဉ်ကို ခရိုင်အတွင်းရှိ ရှာဝေါဒေသတွင် ဖောက်ခွဲမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု အစီရင်ခံစာများအရ သိရသည်။ ပေါက်ကွဲမှုအပြီးတွင် လုံခြုံရေးအရာရှိများ ရောက်ရှိလာပြီး အခင်းဖြစ်ပွားရာနေရာကို ပိတ်ဆို့မှုပြုလုပ်ခဲ့သည်ဟု ကယ်ဆယ်ရေးအဖွဲ့က ပြောသည်။

ဒဏ်ရာရရှိသူနှစ်ဦးမှာလည်း စိုးရိမ်ရသည့် အခြေအနေရှိသည်။ အဆိုပါ မော်တော်ယာဉ်ပေါ်တွင် အလုပ်သမား ၁၆ ဦးကို တင်ဆောင်လာကြောင်း သိရသည်။ **ဆင်ဟွာ**

## လူ့အခွင့်အရေးနှင့် ကိုယ်ရေးကိုယ်တာအချက်အလက်ကို ကာကွယ်ရန် ဂျီ - ၂၀ စီးပွားရေးဝန်ကြီးများ ကတိပြု

နယူးဒေလီ ဩဂုတ် ၂၀

ဒစ်ဂျစ်တယ်စီးပွားရေးကို ထူထောင်စဉ် လူ့အခွင့်အရေးများနှင့် ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်ရေး ဂျီ - ၂၀ ဝန်ကြီးများ ကတိပြုခဲ့ကြကြောင်း သိရသည်။

ဂျီ - ၂၀ ဒစ်ဂျစ်တယ် စီးပွားရေးဝန်ကြီးများသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ဘန်ဂါလူရူမြို့၌ ဩဂုတ် ၁၉ ရက်တွင် တွေ့ဆုံခဲ့ကြသည်။ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး ရှေ့ဆက်လုပ်ဆောင်ရာတွင် ဘေးကင်းလုံခြုံမှုနှင့်အတူ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် မည်ကဲ့သို့ လုပ်ဆောင်သွားမည်ဆိုသည်ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အစိုးရများနှင့် ပုဂ္ဂလိကကဏ္ဍများက အခြေခံအဆောက်အအုံများကို သက်ဆိုင်ရာ ဥပဒေမူဘောင်များ၊ ဆက်သွယ်ရေး ကွန်ရက်များနှင့်အတူ တည်ဆောက်နေသည့်အတွက် လုံခြုံရေးမှာ အရေးကြီးကြောင်း ဝန်ကြီးများက အတည်ပြုခဲ့သည်။

ထို့အပြင် ဆက်သွယ်ရေးကွန်ရက်များ၊ ဥပဒေမူဘောင်များဖြင့် လုပ်ဆောင်နေလင့်ကစား လူ့အခွင့်အရေးများကို လေးစားလိုက်နာရန်နှင့် ကိုယ်ရေးကိုယ်တာအချက်အလက်ကို ကာကွယ်ရန် လုံခြုံစိတ်ချရပြီး အလုံးစုံပါဝင်သော ချဉ်းကပ်မှုများကို ဦးစားပေးဆောင်ရွက်မှုမှာလည်း အရေးကြီးကြောင်း အဆိုပါဝန်ကြီးများက ကတိပြုခဲ့ကြသည်။



အစည်းအဝေးအပြီးတွင် ဂျပန်နိုင်ငံက တောင်းဆိုထားသော ယုံကြည်စိတ်ချရမှု၊ ပွင့်လင်းမြင်သာပြီး နယ်စပ်ဖြတ်ကျော် သတင်းအချက်အလက် စီးဆင်းမှု၏အရေးပါမှုကို ဂျီ - ၂၀ နိုင်ငံများက ထပ်မံအတည်ပြုနိုင်ခြင်းမှာ ကျေနပ်စရာကောင်းကြောင်း ဂျပန် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးဝန်ကြီး ကိုနိုတိုရိုက ပြောသည်။

**အင်န်အိတ်ချ်ကေ**










# ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း မဟာမဲခေါင်ဒေသ၌ အပင်နှင့် သတ္တဝါမျိုးစိတ်သစ် ၃၈၀ မှတ်တမ်းတင်တွေ့ရှိ









အာရှဒေသ၏ ဇီဝမျိုးစုံမျိုးကွဲ အများဆုံးပိုင်ဆိုင်ရာဖြစ်သည့် မဟာမဲခေါင်ဒေသတွင်း နိုင်ငံများ၌ ၂၀၂၁ ခုနှစ် နှင့် ၂၀၂၂ ခုနှစ်များအတွင်း အပင် မျိုးစိတ်သစ် ၂၉၀၊ ငါးမျိုးစိတ်သစ် ၂၀၊ ကုန်းနေရေနေသတ္တဝါ ၂၄ မျိုး၊ တွားသွားသတ္တဝါ ၄၆ မျိုးနှင့် နို့တိုက်သတ္တဝါမျိုးစိတ်သစ် တစ်မျိုးတို့ကို မှတ်တမ်းတင် တွေ့ရှိခဲ့ကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့(WWF)က ၂၀၂၃ ခုနှစ် မေလအတွင်းက ထုတ်ပြန်ထားသည်။

မဟာမဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်ကြသော မြန်မာ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများတွင် ဇီဝမျိုးစုံမျိုးကွဲ မျိုးစိတ်သစ် တွေ့ရှိမှုအနေဖြင့် ၂၀၂၁ ခုနှစ်အတွင်း ၁၇၅ မျိုးနှင့် ၂၀၂၂ ခုနှစ်အတွင်း ၂၀၅ မျိုးရှိသည်။ မဟာမဲခေါင်ဒေသတွင် ၁၉၉၇ ခုနှစ်မှစ၍ ယခုအချိန်အထိ မှတ်တမ်းတင် တွေ့ရှိထားသော အပင်များ၊ ငါးများ၊ ကုန်းနေရေနေသတ္တဝါများ၊ တွားသွားသတ္တဝါများ၊ ငှက်များနှင့် နို့တိုက်သတ္တဝါများ၏ စုစုပေါင်း အရေအတွက် ၃၃၉၀ အထိ ရှိလာပြီဖြစ်သည်။

မြန်မာနိုင်ငံ မြောက်ဖျား ကချင်ပြည်နယ် ခါကာဘိုရာဇီ အမျိုးသား ဥယျာဉ်ဒေသ၊ စစ်တိုင်းဒေသကြီး ထမံသီ တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော၊ တနင်္သာရီကမ်းရိုးတန်းဒေသနှင့် ပဲခူးရိုးမဒေသတို့ရှိ သစ်တောများနှင့် မြစ်ချောင်းအင်းအိုင်များ အတွင်းမှ အပင်မျိုးစိတ်သစ် နှစ်မျိုး၊ ငါးမျိုးစိတ်သစ်သုံးမျိုး၊ မြွေ၊ ဖားနှင့် ပုတ်သင်မျိုးစိတ်သစ်တစ်မျိုးစီအပါအဝင် မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်အတွင်း မျိုးစိတ်သစ် ၃၀၊ ၂၀၂၂ ခုနှစ်အတွင်း မျိုးစိတ်သစ် ၂၇ မျိုး မှတ်တမ်းတင် တွေ့ရှိခဲ့သည်။ ထိုသို့မှတ်တမ်းတင် တွေ့ရှိသည့် ဇီဝမျိုးစုံမျိုးစိတ်သစ်များတွင် ၂၀၂၁ ခုနှစ်တွင် တွေ့ရှိရသည့် မျိုးစိတ်သစ် ၃၀ အနက် ၂၁ မျိုးနှင့် ၂၀၂၂ ခုနှစ်အတွင်း တွေ့ရှိရသည့် မျိုးစိတ်သစ် ၂၇ မျိုးအနက် ၂၃ မျိုးမှာ မြန်မာ့ဒေသရင်း မျိုးစိတ်များ ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ထိုသို့မှတ်တမ်းတင် တွေ့ရှိသည့် ဇီဝမျိုးစုံမျိုးစိတ်သစ်များတွင် ၂၀၂၁ ခုနှစ်တွင် တွေ့ရှိရသည့် မျိုးစိတ်သစ် ၃၀ အနက် ၂၁ မျိုးနှင့် ၂၀၂၂ ခုနှစ်အတွင်း တွေ့ရှိရသည့် မျိုးစိတ်သစ် ၂၇ မျိုးအနက် ၂၃ မျိုးမှာ မြန်မာ့ဒေသရင်း မျိုးစိတ်များဖြစ်**

မဟာမဲခေါင်ဒေသအတွင်း များစွာသော တောရိုင်းတိရစ္ဆာန်နှင့် အပင်မျိုးစိတ်များသည် နေရင်းဒေသများ ပျက်စီးခြင်း၊ ရောဂါဖြစ်ပွားခြင်း၊ ပြင်ပကျူးကျော်မျိုးစိတ်များ၏ လွှမ်းမိုးမှုခံရခြင်း အထူးသဖြင့် တောရိုင်းတိရစ္ဆာန်များ တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်းတို့ကြောင့် မှတ်တမ်းတင်နိုင်ခြင်း မပြုခင်ကတည်းကပင် မျိုးသုဉ်းပျောက်ကွယ်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံအပါအဝင် မဟာမဲခေါင်ဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားဦးရေ တိုးတက်လာခြင်း၊ သစ်တောပြုန်းတီးမှု၊ လေထုညစ်ညမ်းမှု၊ သဘာဝအရင်းအမြစ်များကို အလွန်အကျွံအသုံးချခြင်းနှင့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကြောင့် ကြီးမားသော ခြိမ်းခြောက်မှုများနှင့်လည်း ရင်ဆိုင်နေရသည်။

**မြန်လင်းမောင်**










ထို့ကြောင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့(WWF)က အစိုးရများအား ဤရှားပါးမျိုးစိတ်များအတွက် အကာအကွယ် တိုးမြှင့်ပေးရန်နှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုများ တားဆီးရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန် တောင်းဆိုထားသည်။

ကိုးကား –
WWF: NEW SPECIES DISCOVERIES IN THE GREATER MEKONG REGION 2021 & 2022



## စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၂၀**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသားလူငယ်များ ပေါ်ထွန်းရေးအတွက် ဩဂုတ် ၁၉ ရက်က နှစ်ကိုင်း အ.ထ. က (ခွဲ) ကျောင်းခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)

## သာယာဝတီမြို့၌ လူတစ်ဦး ရထားကြိတ်၍ သေဆုံး

**သာယာဝတီ ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက လူတစ်ဦးရထားကြိတ်၍ သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ ပြည်ဘက်သို့ ခုတ်မောင်းလာသော အမှတ်(၆၃) အဆန် စာပို့ရထားသည် ပြည်တော်သာအုပ်စု အထက်သစ်ချကျေးရွာအနီး ရထားလမ်းမိုင်တိုင်အမှတ် (၆၈/၂၂/၂၃) ကြားအရောက်တွင် ရထားလမ်းပေါ်တွင်အိပ်နေသော မျိုးထက်ကို (၂၀)နှစ် ဂုန်လျှော်ဝင်း ဈေးပိုင်းရပ်ကွက် သာယာဝတီမြို့နေသူကို ကြိတ်မိခဲ့ရာ မျိုးထက်ကိုတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်ရပ်တွင် သေဆုံးနေကြောင်း တွေ့ရှိရသည်။

သေဆုံးသူမှာ အရက်သေစာ အလွန်အကျွံသောက်စားသူဖြစ်ကြောင်း စုံစမ်းသိရှိရပြီး သေဆုံးခြင်းနှင့်ပတ်သက်၍ မြို့မရဲစခန်း (သာယာဝတီ)ကသေမှုသေခင်း အမှတ်စဉ်(၁၁/၂၀၂၃)ဖြင့် အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*ကျန်းမာရေးအတွေးအမြင်*

# နှောင်းမှရသည့် နောင်တများနှင့် မကြုံတွေ့စေလို

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

**စိတ်မကောင်းပါဘူး။ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကုသမှုဆောင်ရွက်ပေးသော်လည်း ကလေးက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု နောက်ဆုံးအဆင့်မှ ဆေးရုံကိုရောက်လာတဲ့အတွက် တော်တော်နောက်ကျသွားပါပြီ။ ဆရာဝန်ကြီး၏စကားအဆုံးမှာ မဖြူဖြူ တစ်ယောက် ဆောက်တည်ရာမရ ပျာယာခတ်သွားသည်။**

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နေသည်ကိုမသိဘဲ သာမန်ဖျားနာမှုထင်ကာ ကျန်းမာရေးအသိပညာနည်းပါးပြီး ပေါ့လျော့စွာနေမိသည့်အတွက် သူ၏ပေါ့လျော့မှုနှင့် ကျန်းမာရေးဗဟုသုတ နည်းပါးမှုများကြောင့် မိမိ၏ရင်သွေးလေးကို ဆုံးရှုံးရတော့မည်ဆိုသည့် ဆရာဝန်ကြီး၏စကားကို ကြားလိုက်ရသည့် အခိုက်အတန့်တွင် အချိန်နှောင်းမှရသည့် နောင်တနှင့်အတူ ကမ္ဘာပျက်သလို ခံစားလိုက်ရသည်။



မြန်မာနိုင်ငံတွင် ကျေးလက်တောရွာသာမက မြို့နယ်များတွင်ပါ မိဘများ၏ ကျန်းမာရေးဗဟုသုတနည်းပါးမှုနှင့် ပေါ့လျော့မှုများကြောင့် အချိန်မီဆေးကုသခွင့်မရဘဲ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား၍ ကလေးငယ်များ အသက်ဆုံးရှုံးမှုများ ကြုံတွေ့ရလျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ မိမိတို့မြန်မာနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၂၀ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၁၇၁၇ ဦး ရှိပြီး သေဆုံးသူ ၇ ဦးရှိသည်။ ၂၀၂၀ ပြည့်နှစ်က သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၅၁၃၁ ဦးတွင် သေဆုံးသူ ၆၈ ဦး၊ ၂၀၂၁ ခုနှစ်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၅၄၄၆ ဦးနှင့် သေဆုံးသူ ၃၆ ဦး၊ ၂၀၂၂ ခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၂၄၉၇၁ ဦးနှင့် သေဆုံးသူ ၉၇ ဦးရှိသည်။

### သွေးလွန်တုပ်ကွေးရောဂါ တစ်နှစ်ပတ်လုံးကူးစက်နိုင်

သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်လာသည့် အေးဒီးစ်ဆိုသည့် ခြင်ကျားအကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ခြင်းဖြစ်ပြီး အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ကာ အသက် ၁၅ နှစ်အောက် ကလေးများ အထူးသဖြင့် အသက် ၅ နှစ်မှ ၉ နှစ် အရွယ်ကလေးများတွင် အများဆုံးဖြစ်ပွားတတ်သည်။ ထို့အပြင် အသက် ၁၅ နှစ်အထက် လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားသည်ကိုလည်း သိရသည်။ သွေးလွန်တုပ်ကွေးရောဂါသည် တစ်နှစ်ပတ်လုံး ကူးစက်နိုင်ပြီး မိုးရာသီတွင် အများဆုံးဖြစ်ပွားလေ့ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရောဂါလက္ခဏာမပြခြင်း၊ ရိုးရိုးအဖျားရောဂါလက္ခဏာပြသခြင်း၊ သွေးလွန်တုပ်ကွေးဖြစ်ပြီး သတိလစ်မှုမရှိခြင်းနှင့် သွေးလွန်တုပ်ကွေးဖြစ်ပြီး သတိလစ်ခြင်းဆိုသည့် အဆင့်များရှိပါသည်။ သွေးလွန်တုပ်ကွေးရောဂါ၏ ပထမအဆင့် Dengue Fever ရောဂါတွင် ရုတ်တရက် အဖျားတက်လာခြင်းနှင့်အတူ ခေါင်းကိုက်ခြင်း၊ တစ်ကိုယ်လုံးကိုက်ခဲခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ မစားချင်မသောက်ချင်ဖြစ်ခြင်း၊ တစ်ခါတစ်ရံ ခန္ဓာကိုယ်၌အစက်အပြောက်များ ပေါ်လာခြင်းတို့ ဖြစ်တတ်သည်။ သွေးပေါင်ချိန်တိုင်း ကိရိယာဖြင့် စစ်ဆေးတိုင်းတာကြည့်ပါက လက်ဖျံတွင် အစက်အပြောက်များပေါ်လာသည်ကိုတွေ့နိုင်ပြီး အခြားစိုးရိမ်ရသည့် လက္ခဏာများမရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသိပေးထားသည်။ ဒင်ဂီးအဖျား (Dengue Fever) အခြေအနေတွင် ကလေးကို သွေးပေါင်မှန်မှန်ချိန်ခြင်း၊ ကလေး၏အခြေအနေကို စောင့်ကြည့်ခြင်းနှင့် ကိုယ်ပူချိန်အတွက် ပါရာစီတမော တိုက်ကျွေးခြင်းနှင့် ရေဖတ်တိုက်ခြင်းတို့ ပြုလုပ်ပေးနိုင်သည်။ အခြားကိုယ်ပူကျဆေးများနှင့် အက်စ်ပရင်ကဲ့သို့ အကိုက်အခဲပျောက်ဆေးများမှာ သွေးယိုစီးခြင်းရှိပါက ပိုဆိုးစေသည့်အတွက် လုံးဝမသုံးစွဲဘဲ ရှောင်ကြဉ်ရမည်ဖြစ်သည်။ ထို့အပြင် ဓာတ်ဆားရည်၊ အသီးအနှံဖျော်ရည်များ ဝင်အောင်တိုက်ကျွေးပေးရန်လည်းလိုအပ်ပြီး နို့တိုက်အရွယ်ကလေးများဖြစ်ပါက မိခင်နို့ဆက်လက်တိုက်ကျွေးရန်လိုအပ်သည်။ ဖျားနေသည့်ကလေးကို အစားအစာဆက်လက်ကျွေးရန် လိုအပ်ကြောင်းနှင့် ကော်ဖီ၊ ချောကလက်၊ မိုင်လိုကဲ့သို့သော အညိုရောင်အရည်များကို မတိုက်ကျွေးရန်လည်း ညွှန်ကြားထားသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျှင် သုံးရက်မှ ငါးရက်အတွင်း အဖျားကြီးရာမှ ရုတ်တရက်အဖျားကျကာ ခြေဖျားလက်ဖျားများအေးစက်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ မကြာခဏအော့အန်ခြင်း၊ အညိုရောင် အရည်များအန်ခြင်း၊ အစားမဝင်ခြင်း၊ ကလေးမှိန်းလွန်ခြင်း၊ ဝမ်းအမည်းများသွားခြင်းနှင့် သွားဖုံးအသားနုများမှ သွေးထွက်ခြင်းစသည်တို့မှာ သွေးလန့်သည့်လက္ခဏာများဖြစ်ပြီး နီးစပ်ရာဆေးရုံဆေးခန်းများသို့ အမြန်ဆုံးသွားရောက်၍ ဆေးကုသမှုခံယူမှသာ အသက်သေဆုံးနိုင်ခြေကို ကာကွယ်နိုင်မည်ဖြစ်သည်။ ကျေးလက်တောရွာများတွင် ဆေးရုံဆေးခန်းများကို သွားရောက်ပြသရမည်ကိုဝန်လေးကာ ကလေးများ နေထိုင်မကောင်းဖြစ်လျှင် နီးစပ်ရာဆေးမြီးတိုများ တိုက်ကျွေးလေ့ရှိကြပြီး ရုတ်တရက် အဖျားကျလျှင်ပင် သက်သာသွားသည်အထင်နှင့် ပြုစုကုသမှုများ မပြုလုပ်ကြတော့သည့်အတွက် ကလေးငယ်များမှာ အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ကြရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် တောရွာများသာမက မြို့များတွင်ပါဖြစ်ပွားပြီး သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်လာသည့် ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်သည့်အတွက် ခြင်ကျားလောက်လမ်းများ ပေါက်ပွားမှုနည်းပါးအောင်နှင့် ခြင်ခိုအောင်းနိုင်သော မိမိတို့၏ ပတ်ဝန်းကျင်ကို ဂရုတစိုက်ဖြင့် သန့်ရှင်းရေးဆောင်ရွက်သင့်သည်။

### ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

ခြင်ကျားလောက်လမ်းများသည် အဓိကရေလှောင်ပစ္စည်းများဖြစ်သည့် ရေစည်၊ ရေအိုး၊ ရေကန်များကို ခြင်မဝင်နိုင်အောင်ဖုံးအုပ်ပြီး ရေထည့်သည့်အရာများ အားလုံးကို တိုက်ချွတ်ဆေးကြောပါ၊ ဘုရားပန်းအိုးများကိုလည်း အနည်းဆုံးတစ်ပတ်တစ်ကြိမ် ဆေးကြောပြီး ရေလဲပါ၊ ရေကြည်ရေသန့်နှင့် မိုးရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်းများထဲတွင် ပေါက်ပွားသည့်အတွက် အဆိုပါနေရာများကို ဖုံး၊ သွန်၊လဲ၊စစ်လုပ်ငန်းများ ပုံမှန်လုပ်ဆောင်သင့်ပြီး အလင်းရောင်ရ၍ခြင်မခိုအောင်းနိုင်အောင်နေ့ပိုင်းတွင် ပြတင်းပေါက်များကိုဖွင့်ထားသင့်ပါသည်။ ထို့အပြင် ကျန်းမာရေးဝန်ထမ်းများ၏ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခြင်းကို ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်ပြီး အသက်အရွယ်မရွေးဖြစ်ပွားနိုင်သည့်အတွက် ခြင်မကိုက်အောင် နေထိုင်ရမည်ဖြစ်ကာ မည်သည့်အချိန်တွင်အိပ်အိပ် ခြင်ထောင် ထောင်အိပ်သင့်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ရာသီမရွေးဖြစ်ပွားနိုင်သည့်အတွက် ကလေးငယ်များသုံးရက်ကျော်ဖျားနာလာလျှင် သွေးလွန်တုပ်ကွေးရောဂါပိုး ရှိ မရှိ အမြန်ဆုံးစစ်ဆေးသင့်ပြီး မဖြူဖြူကဲ့သို့ နှောင်းမှနောင်တရသည့် မိခင်မျိုး မဖြစ်ရလေအောင် လုံးဝမပေါ့ဆဘဲ ကျန်းမာရေးအသိသတိနှင့် ပြည့်စုံသည့်မိဘများအဖြစ် အထူးဂရုပြုဆင်ခြင်နိုင်ကြပါစေ။

သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့



ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် နယ်မြေခံတပ်မှ ဗိုလ်မှူး ကျော်မင်းဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစည်သူလင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သိန်းဝင်းတို့ ဦးဆောင်မှုဖြင့် တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်းအင်အား ၁၂၀ တို့သည် ဩဂုတ် ၁၉ ရက်က နောင်ချိုမြို့နယ် ဈေးရပ်ကွက်ရှိ မြို့ဦးစေတီတော်ကြီး၏ ရင်ပြင်နှင့် ပရိဝုဏ် အတွင်း ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ (၀၃၂)

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည် အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေး ဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေး နှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန

## ဇမ္ဗူသီရိမြို့နယ် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ အားပေးသူများဖြင့် စည်ကား

နေပြည်တော် ဩဂုတ် ၂၀

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုကားလမ်းနံဘေး သုခတော်ဝင်အိမ်ရာအနီးရှိ ပိုက်ကျော်ခြင်းအားကစားကွင်း၌ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အားကစားမောင်မယ်များအပြင် ရန်ကုန်မြို့မှ အားကစားသမားများလည်း စုစည်း၍ အပျော်တမ်းယှဉ်ပြိုင်မှုများကို အပတ်စဉ်ရုံးပိတ်ရက် စနေ-တနင်္ဂနွေ နံနက်၊ ညနေ နှစ်ကြိမ် ယှဉ်ပြိုင်ပြုလုပ်ရာ ပိုက်ကျော်ခြင်းအားကစားနည်းကို နှစ်သက်အားပေးသူ ပရိသတ်များဖြင့် စည်ကားများပြားလျက်ရှိသည်။ **(အောက်ပုံ)**

"နေပြည်တော် ရှစ်မြို့နယ်အတွင်းမှာရှိတဲ့ အပျော်တမ်းပိုက်ကျော်ခြင်း အားကစားသမားတွေအပြင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းမှာရှိတဲ့ အပျော်တမ်း အားကစားသမားတွေကိုပါ ဒီကွင်းမှာ ဖိတ်ခေါ်စုစည်းပြီး ယှဉ်ပြိုင်ကစားကြတာဖြစ်ပါတယ်။ တစ်ခါတလေ မြန်မာ့လက်ရွေးစင်တွေလည်း လာရောက်ပြီး အပျော်တမ်းကစားကြတာလည်းရှိပါတယ်" ဟု ကစားသမားတစ်ဦးက ပြောသည်။

နေပြည်တော်တွင် ဖူဆယ်ဘောလုံးအားကစားကွင်းနှင့် ပိုက်ကျော်ခြင်း အားကစားကွင်းများကို အများပြည်သူဝါသနာရှင် အသုံးပြုသည့် ပြည်သူ့အားကစားကွင်းများအဖြစ် လိုအပ်နေသေးကြောင်း၊ သို့မှသာ အခြေခံအဆင့် ရွက်ပုန်းသီးအားကစားသမားများမှသည် နိုင်ငံ့လက်ရွေးစင် အားကစားသမားကောင်းများအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း အဆိုပါအပျော်တမ်း ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ လာရောက်ကြည့်ရှုသူ ပရိသတ်တစ်ဦးက ပြောကြားသည်။

**ကိုပေါက် (ဥတ္တရမြေ)**



## နယူးကာဆယ်ကို အကြိတ်အနယ်ကစားပြီး တစ်ဂိုး - ဂိုးမရှိဖြင့် မန်စီးတီးအနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၂) အဖြစ် ဩဂုတ် ၂၀ ရက် နံနက် ၁ နာရီခွဲက အီတီဟက်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် လက်ရှိချန်ပီယံမန်စီးတီးနှင့် နယူးကာဆယ်အသင်းတို့ ပွဲစဉ်တွင် မန်စီးတီးအသင်းက အယ်လ်ဗာရက်ဇ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ခံစစ်တည်ငြိမ်ပြီး တိုက်စစ်ထက်မြက်မှုရှိသည့် အသင်းနှစ်သင်းတွေ့ဆုံမှုကြောင့် ပွဲချိန်ပြည့်သည်အထိ အကြိတ်အနယ်ရှိခဲ့သည်။ မန်စီးတီးအသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံး



ခဲ့သည့် နယူးကာဆယ်အသင်းသည် ဂိုးပေါက်ခြိမ်းခြောက်မှု ခုနစ်ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှုတစ်ကြိမ်သာရှိခဲ့သည်။

ကစားသမားဝယ်ယူဖြည့်တင်းမှုနှင့် ရှိရင်းစွဲကစားသမားများအကြား ဟန်ချက်ညီပေါင်းစပ်ထားနိုင်မှုကြောင့် နယူးကာဆယ်အသင်း၏ ကစားဟန်တိုးတက်ကောင်းမွန်မှုရှိသော်လည်း ယခုပွဲစဉ်တွင် မန်စီးတီးအသင်းခံစစ်နှင့် ဂိုးသမားကို ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့ပေ။ မန်စီးတီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၃၁ မိနစ်တွင် ဖိုဒင်၏ဖန်တီးမှုမှ အယ်လ်ဗာရက်ဇ်က သွင်းယူပေးခဲ့သည်။ ပရီမီယာလိဂ် ပွဲစဉ် (၂) အပြီးတွင် မန်စီးတီးအသင်းက ရမှတ်ခြောက်မှတ်ရရှိထားပြီး နယူးကာဆယ်အသင်းက သုံးမှတ်ရရှိထားသည်။

အခြားသောပွဲစဉ်အဖြစ် ဩဂုတ် ၂၀ ရက် ည ၇ နာရီခွဲတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အက်စ်တွန်ဗီလာနှင့် အဲဗာတန်အသင်းတို့ပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်းက တိုက်စစ်ခြေစွမ်းပြကာ လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ဝက်စ်ဟမ်းနှင့် ချယ်ဆီးတို့ပွဲတွင် ဝက်စ်ဟမ်းက သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

**အောင်ဇော်**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

(၂၀-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၉-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၄၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၅၀ ကျပ် | ၂၂၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၆၀ ကျပ် | ၂၄၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၂၀၈၄ | ၁၈၆၂၆၉၀၀ |
| MTSH | ၃၁၀၀ | ၃၁၅၀ | ၄၅၄၂ | ၁၄၀၈၈၃၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁၆၃ | ၁၃၀၃၈၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၁၄၃ | ၂၃၅၉၅၀ |
| TMH | ၂၄၀၀ | ၂၃၅၀ | ၁၀၁ | ၂၄၂၃၅၀ |
| EFR | ၂၃၀၀ | ၂၃၅၀ | ၁၀၀၅ | ၂၃၁၁၇၅၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၂၅ | ၁၂၂၅၀၀ |
| MAEPC | ၁၉၅၀ | ၁၉၅၀ | ၄၆၃၈ | ၉၀၄၄၁၀၀ |

ညီညီ - စုစည်းသည်

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၀၅

ဦးဇော်ကိုဦး (၎င်း၏ အထွေထွေ ကိုယ်စားလှယ်စာရသူ ဒေါ်ဝါဝါခိုင်) — တရားလို

နှင့်

၁။ ဒေါ်ချောစု(ခ) ကျန်ချောရင်
၂။ ဒေါ်စန္ဒာ — တရားပြိုင်များ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၆လမ်း၊ ၁၂၉ လမ်းဒေါင့်နေ ဒေါ်ချောစု(ခ)ကျန်ချောရင်(ယခုနေရပ်လိပ်စာမသိသူ)နှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ် (ခ-၁/၃၁) နေ ဒေါ်စန္ဒာ (ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက အနှောင့်အယှက်ကင်းစွာ လက်ရှိထားနေထိုင်ပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ် စေ၊ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် နေ့မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင်သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဌေးဌေးလွင်)
ဒုတိယခရိုင်တရားသူကြီး(၃)
မဟာအောင်မြေခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀၆

ဦးဝင်းထိန် (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးသောင်ဝင်း) — တရားလို

နှင့်

၁။ ဒေါ်ချောစု(ခ) ကျန်ချောရင်
၂။ ဒေါ်စန္ဒာ — တရားပြိုင်များ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၆လမ်း၊ ၁၂၉ လမ်းထောင့်နေ ဒေါ်ချောစု(ခ)ကျန်ချောရင် (ယခုနေရပ်လိပ်စာ မသိသူ) နှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ် (ခ-၁/၃၁) နေ ဒေါ်စန္ဒာ (ယခုနေ ရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက အနှောင့်အယှက်ကင်းစွာ လက်ရှိထားနေထိုင်ပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဌေးဌေးလွင်)
ဒုတိယခရိုင်တရားသူကြီး(၃)
မဟာအောင်မြေခရိုင်တရားရုံး

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၁၅၀/မမ/CE | **ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း** ရွာသာကြီးဘူတာယာဒ်ဝင်း တည်ဆောက်ရေးစီမံကိန်းတွင် သဲ/မြေကြီးဖို့ခြင်း (2964.864) Suds လုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၁၈ . ၉ . ၂၀၂၃ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၁၈ .၈. ၂၀၂၃) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆/သမိုင်း)၊ မြေကွက်အမှတ်(၄၇/ ဗ၁၆)၊ (၄၇/ဗ၁၁.D)၊ (၆)ရပ်ကွက်၊ ဝင်းလှိုင်လမ်း၊ ၂ကွက်ပေါင်း ဧရိယာ(၀.၁၃၆)(၀.၁၆၀)ဧက၊ စုစုပေါင်းဧရိယာ(၀.၂၉၆)ဧကထဲမှ တရားဝင ်မခွဲမစိတ်ရသေးသော အကျယ်အဝန်းပေ(၆၀x၈၀)၊ ဧရိယာစတုရန်းပေ(၄၈၀၀)ရှိ မြေကွက်အမှတ်(K)ဟု အမည်ပေါက်မှ ခွဲစိတ်ပေးမည်ဟူ၍ သတ်မှတ်ထားသည့် မြေပိုင်မြေ (၃/ခ)အမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဦးအိုက်လင်း(၁၃/တကန(နိုင်)၀၂၄၉၈၈) အမည်ပေါက် တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မွန်မွန်ချို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)   ဒေါ်စန္ဒာဝင်း(LL.B)အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ် (၁၈၇)၊ ပထမထပ်၊ သုဒဿနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၁)ရပ်ကွက်၊ ယုဇနလမ်း ၊ မြေကွက်အမှတ်(၈၃)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်တည်ရှိဆောက်လုပ်ထားသော နှစ်ခန်းတွဲ(ခြောက်ထပ်တိုက်)၏ စတုတ္ထထပ်ခြေရင်းခြမ်း အကျယ်အဝန်း(၁၈'x၅၅')ပေရှိ တိုက်ခန်းအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးချစ်သိန်းနှင့် ကန်ထရိုက်တာဦးဇာနည်၊ ဦးကျော်ဇေယျာဝင်းတို့ထံမှအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများ ဖြစ်သောဒေါ်မီမီသော်ဇင်(၁၄/ဖပန(နိုင်)၁၉၉၁၁၃)နှင့် ဒေါ်နှင်းဝတ်ရည်(၁၂/ကမတ(နိုင်)၀၈၇၉၆၀)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးစိုးမိုးအောင်(၁၂/စခန(နိုင်)၀၆၄၇၃၄)က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်း၏ ရောင်းဖိုးစရန် ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်တွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉၄၅၀၀၃၅၀၇၀**

## အသိပေးကြော်ငြာခြင်း

၁။ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၉/တောင်ရပ်)၊ ဦးပိုင်အမှတ်(၁၃/B)၊ မြေဧရိယာ(၀.၀၉၂)ဧကရှိ မြေနေရာသည် ဒေါ်စိုးစိုးခိုင်၊ ၁၃/နခတ(နိုင်)၀၅၁၁၇၄ အမည်ဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂၆-၂-၂၀၁၅)ရက်စွဲပါ မြေငှားဂရန်အမှုတွဲအမှတ်၊ ၃၃/မဆ/၂၀၁၅ဖြင့်(၂၆-၂-၂၀၁၆)ရက်မှ(၂၅-၂-၂၀၄၆)ရက်နေ့ အထိနှစ်(၃၀) မြေငှားဂရန်ရရှိထားပြီး မိခင်ဖြစ်သူ ဒေါ်နန်းခမ်းကျန်နှင့် ဖခင်ဖြစ်သူတို့မှာ ကွယ်လွန်သွားသောကြောင့် ကျန်ရှိသားသမီး(၃)ဦးဖြစ်သော ဒေါ်မိုးမိုးခိုင်၊ ဒေါ်စိုးစိုးခိုင်နှင့် ဦးအောင်ကျော်မိုးတို့မှ တရားရုံးတွင် ကျမ်းကျိန်ဆို၍ အမွေဆက်ခံကြောင်း မြွက်ဟကြေငြာပြီး ဒေါ်မိုးမိုးခိုင်နှင့် ဦးအောင်ကျော်မိုးတို့မှ စာချုပ်စာတမ်းမှတ်ပုံတင်၍ ဒေါ်စိုးစိုးခိုင်အား အိမ်ဝိုင်းမြေအပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်ချုပ်ဆိုထားသဖြင့် ဒေါ်စိုးစိုးခိုင်မှ အမည်ပြောင်းမြေငှားဂရန်တင်ပြလျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်မြို့နယ်၊ တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၉/တောင်ရပ်)၊ ဦးပိုင် အမှတ်(၁၃/B)၊ မြေဧရိယာ(၀.၀၉၂)ဧကရှိ မြေနေရာအား ဒေါ်စိုးစိုးခိုင်မှအမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများယူဆောင်၍ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား အမည်ပြောင်း မြေငှားဂရန်ထုတ်ပေးသွားမည် ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မူဆယ်မြို့**
**ဖုန်း-၀၈၂-၅၀၆၉၀**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အနောက်)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၁၀၈၄/ခ)၊ အကျယ်အဝန်းပေ (၂၀x၆၀) မြေကွက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း အများသိစေရန်ကြေညာ သည်မှာ-

ကျွန်မ ဒေါ်ဥမ္မာအေး (၁၂/သကတ(နိုင်)၁၀၃၆၁၉)သည် အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်တွင် အမည်ပေါက်ဖြစ်သူ ဒေါ်မြတ်လေးနွယ် (၁၂/လမန(နိုင်)၀၁၈၄၀၁) ထံမှ ခေတ်ကာလပေါက်ဈေးနှင့်အညီ ငွေအပြေအကြေ ပေးအပ်၍ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါမြေအိမ်နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်ဝင်ရောက်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်း၊ တစ်နည်းနည်းဖြင့် ဝင်ရောက်စွက်ဖက်ခြင်း၊ ဖျက်ဆီးခြင်းများမပြုလုပ်ရန် ပြုလုပ်မည်ဆိုပါက ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ဥမ္မာအေး (၁၂/သကတ(နိုင်)၁၀၃၆၁၉)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၈၃.ခ)၊ ကုလားတန်းအကွက်၊ ဦးပိုင်အမှတ်(၇၉)၊ ဧရိယာ (၀.၁၂၃)ဧကအတွင်းမှ ဧရိယာ(၀.၁၀၉)ဧကရှိဦးမြင့်စိုး၊ ဒေါ်ခင်ခင်စန်း၊ ဦးမြင့်နိုင်၊ ဦးမြင့်လွင်၊ ဦးစိုးလွင်၊ ဒေါ်ခင်ညိုထွေးအမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၆) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၃)နေ ဒေါ်ခင်ညိုထွေးမှ ဘိုးဘပိုင်မြေအမည် ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေ အမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ပုသိမ်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၁)၊ ဦးပိုင်အမှတ်(၁၆၁)၊ ၃၇ လမ်း မျက်နှာပြု၊ ၆၆x၆၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမော်ဆွေ ၉/မရမ(နိုင်)၀၇၆၁၉၉ ၏ (SP ရသူ ဦးမျိုးဝဏ္ဏာအောင်) က သက်တမ်းတိုးမည့်သူ ဦးမော်ဆွေ၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍မရကြောင်း တင်ပြစာ၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၄၇၃/၂၀၂၃-၂၀၂၄) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၁)၊ ဦးပိုင်အမှတ်(၁၀၉)၊ ၇၃လမ်း၊ ၁၁၆x၁၁၇လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သီရိမြင့် ၅/ကဘလ(နိုင်)၀၉၁၀၄၁၏ (GPရသူ ဦးခွန်ကျော်(ခ) လီကွမ်ကျောက်)က အမည်ပေါက်သူ ဒေါ်သီရိမြင့်၏မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍မရကြောင်းတင်ပြစာ၊ တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၄၆၅/၂၀၂၃-၂၀၂၄) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ သန်လျင်မြို့နယ်၊ အကွက်အမှတ် (၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ်(၁၆)၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်မြင့်ဆွေလမ်း၊ မြေကွက်အမှတ်(ခ/၂၀၈)ဟုခေါ်တွင်သော(၀.၀၅၅)ဧကရှိ ဂရန်အမှုတွဲအမှတ် RPNO. ၅၆၉/V /၉၀-၉၁အရ ဦးဘရီအမည်ပေါက်မြေကွက်အနက် ဧရိယာ(၀.၀၂၇)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးဘရီ -ဒေါ်နှင်းလှတို့ ကွယ်လွန်ပြီးနောက်တွင် ၎င်းတို့၏ အမွေဆက်ခံသူများဖြစ်သော ဦးသက်ကို(၁၂/သလန(နိုင်)၀၂၇၈၄၈)နှင့် ဦးကိုကိုအောင် (၁၂/သလန(နိုင်)၀၀၂၉၅၅)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးတင်ဆန်း ဦး(ဘ) ဦးကျော်ဆန်း (၉/ရမသ(နိုင်)၁၂၃၀၈၉)က ပြန်လည်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည် (LL.B., D.B.L) (စဉ်-၁၄၆၆၈) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်နှင်းနှင်းထွေး (LL.B) (စဉ်-၂၄၉၆၈)**
**ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်(LL.B) (စဉ်-၅၀၈၅၄) အထက်တန်းရှေ့နေများ**

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ ရဟတ်တောင်ကျေးရွာနေ ဦးအောင်ဇော်လင်း၏သမီး မဖြိုးရတနာ ၁၁/ပဏတ(နိုင်)၁၂၂၆၆၀ နှင့် မဖြိုးရတနာသွယ် (၂၀၂၃ တက္ကသိုလ်ဝင်တန်းအောင်)တို့မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/12260, Stream -125, M/C ယာဉ်လက်ဝယ်ရှိသူ Hla Taw Thar Co,Ltd. က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3A/7406, Toyota Hilux YN 80, P/U (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးဝိုင်းမောင် ၅/မရန(နိုင်) ၀၀၄၁၆၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3A/6394, နစ်ဆန်းဒီဇယ် CV 46V, ထရပ်(၈x၄) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင်ဦး ၅/မရန(နိုင်) ၃၀၅၁၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၄၄၂၈၃, Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေစင်မျိုးညွန့် ၅/မရန (နိုင်)၁၄၆၆၃၁ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/5591,Honda Parter GJ3 , S/W(4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နီဝင်း ၂/လကန(နိုင်)၀၀၀၈၈၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/98273, Yunde-110 ယာဉ်လက်ဝယ်ရှိသူ Khine Myoe Thitsar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/98133, Honda Click-150 ယာဉ်လက်ဝယ်ရှိသူ D Sandar Win ၅/ထတလ(နိုင်)၁၂၂၀၄၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားကျင့်ထုံးဥပဒေအမိန့် -၅ နည်းဥပဒေ ၂၀)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၉၆

| | | |
|---|---|---|
| ၁။ ဒေါ်ခင်ကြည် ၂။ ဒေါ်မလေး ၃။ ဦးမြင့်ဆွေ | နှင့် | ၁။ဒေါ်ခင်သန်း |
| ၄။ ဦးချစ်ဆွေ ၅။ဒေါ်မာကြည် ၆။ဦးကျော်ကျော် | | ၂။ ဦးမြင့်နိုင် |
| ၇။ ဒေါ်သိန်းသိန်း(ကိုယ်တိုင်နှင့် (၂၊၃၊၄၊၅၊ | | ၃။ဦးမျိုးမင်းသိန်း |
| ၆၊၈၊၁၁ တရားလိုများ၏ ကိုယ်စားလှယ်စာရသူ) | | ၄။ဒေါ်ဘိုမ |
| ၈။ ဒေါ်သဲမာစိုး ၉။ဒေါ်သန္တာအေး ၁၀။ဒေါ်အေးမျိုးထွေး | | ၅။ဒေါ်မြတ်နိုးဝေ |
| ၁၁။ ဒေါ်စန်းစန်းအေး ၁၂။ ဒေါ်အေးအေးမိုး | | ၆။ဒေါ်ယမုံဇင် |
| ၁၃။ ဒေါ်ရင်ရင်စန်း(ခ)ယဉ်ယဉ်စမ်း(ကိုယ်တိုင်နှင့် | | ၇။ဦးထွန်းထွန်းနိုင် |
| ၉၊၁၀၊၁၄၊၁၅၊၁၆၊၁၇ တရားလိုများ၏ | | ၈။ဒေါ်သက်သက်နိုင် |
| ကိုယ်စားလှယ်စာရသူ)၁၄။ဦးဇော်ဇော်နိုင် | | ၉။ဦးထက်ထက်နိုင် |
| ၁၅။ဦးဇော်မျိုးထက် ၁၆။ဒေါ်ဖြူဖြူခိုင် ၁၇။ဒေါ်အိအိဖြိုး | | ၁၀။ဦးမင်းမင်းနိုင် |
| ၁၈။ ဒေါ်ဝင်းစန္ဒာလတ် ⎤ (ကွယ်လွန်သူ | | ၁၁။ဦးချမ်းသာနိုင် |
| ၁၉။ ဦးဟိန်းမင်းလတ် ) ⎦ ဒေါ်ဌေးဌေးဝင်း၏ | | ၁၂။ဦးရန်နိုင်ထွေး |
| ၂၀။ ဒေါ်ခိုင်တင်ဇာဝင်း တရားဝင် | | |
| ၂၁။ဦးပိုင်စိုးဦး ကိုယ်စားလှယ်များ) | | |
| **တရားလိုများ** | **နှင့်** | **တရားပြိုင်များ** |

(၁)ပုသိမ်လေးကျေးရွာ၊ စာသင်ကျောင်းမြောက်ဘက်၊ သူဇာညိမ်းကွမ်းယာဆိုင်အနောက်၊ ပုသိမ်လေးကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့နေ ဒေါ်ဘိုမ၊ (၂)အောင်ဇေယျတံတားအနောက်၊ မီးကွက်ဈေး အနောက်ဘက်လမ်း၊ လမ်းတောင်ဘက်၊ မင်းရဲကျော်စွာလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချမ်းသာနိုင်၊ (၃)အောင်ဇေယျတံတားအနောက်၊မီးကွက်ဈေးအနောက်ဘက်လမ်း၊ လမ်းမြောက်ဘက်၊ မင်းရဲကျော်စွာလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့နေ ဦးမင်းမင်းနိုင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌တရားလိုမှ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်နေ့) မွန်းမတည့်မီ(၉:၃၀)နာရီတွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်ပါသည်။

**(ဌေးဌေးလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**အောင်မြေသာစံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ (၈)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၂)၊ အုတ်ကျွတ်တန်းတောင်အကွက်၊ ဦးပိုင်အမှတ် (၁၁)၊ဧရိယာ၀.၀၉၂ဧကရှိ ဒေါ်သိဂီစိုးအမည်ပေါက်ပိုင်ဆိုင်သော အရှေ့-ရန်ကုန်/မန္တလေးလမ်း၊ အနောက်-ကျုံးပတ်လမ်း၊ တောင်-ဦးပိုင် (၁၂/ဃ)၊ မြောက်-ဦးပိုင်(၁၀)အတွင်းရှိ ဘိုးဘွားပိုင်မြေကွက်ကို ဒေါ်သိဂီစိုးအမည်မှ ဦးကျော်ကျော်လွင်အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်းကန့်ကွက်လိုသူများရှိပါက ၁၆-၈-၂၀၂၃ ရက်မှ ၁၆-၉-၂၀၂၃ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်းလာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**တောင်ငူမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့ နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၅

| | | |
|---|---|---|
| ဒေါ်အိအိဖြိုး | နှင့် | ဒေါ်ကြည်ကြည်ဌေး |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့ နယ်၊ အကွက်(ဓဓ-၁၆)၊(ဆ)ရပ်ကွက်၊ ၆၂(ဘီ)လမ်း၊ ၁၃၁x၁၃၂လမ်းကြားနေ ဒေါ်ကြည်ကြည်ဌေး(ဘ)ဦးဘစိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်ကြည်ကြည်ဌေး(ဘ)ဦးဘစိန် သင့်အပေါ်၌ ဒေါ်အိအိဖြိုး(ဘ)ဦးကျော်ရှိန်က"မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၆)၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ(၀.၀၅၅)ဧက အကျယ်အဝန်းရှိ ဒေါ်ကြည်ကြည်ဌေး အမည်ပေါက်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရလိုကြောင်းနှင့် လျှောက်ထားစွဲ ဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဩဂုတ် လ ၂၈ ရက် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 67W/77119 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာမြို့သစ်ရပ်ကွက်၊ ၇လမ်း၊ အမှတ် ၂၅၃ ရှိ အလျား x အနံပေ (၄၀ x ၆၀) မြေကွက်(မူလ-တကက ဦးသောင်းရွှေ RGN-080953 အမည်ပေါက်) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်နွယ်အောင် ၁၂/မရက (နိုင်)၀၁၀၂၂၉ ဆိုသူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုခိုင်လုံသောအထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းထွေး ၁၀/မလမ(နိုင်)၀၃၉၄၅၆**
**အမှတ် ၄၅၇၊ သမိန်ဗရမ်းလမ်းမကြီး၊ ၂၉လမ်းထိပ်၊ မြိုင်သာယာရပ်ကွက်၊**
**မော်လမြိုင်မြို့နယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၂၅၅၇၆၅၃၈၇**

## အများသိစေရန် ကန့်ကွက်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၂၃)၊ မြခွာညို (၁)လမ်း၊ မြေကွက်အမှတ် (၁၂၂)၊ အကျယ်အဝန်း ခေါ်တွင်သော အလျားxအနံပေ(၄၀x၆၀) ရှိ မြေကွက်သည် သက်ဆိုင်ရာ မြို့ရွာ အိုးအိမ်နှင့်ဖွံ့ဖြိုးရေးဌာနတွင် ဒေါ်ကြည်ကြည်ဇင် ၁၂/မဂတ(နိုင်)၀၃၆၀၃၃ အမည်ပေါက်မြေချပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ခြေရင်းဘက်ခြမ်းကပ်လျက်ရှိ) အလျားxအနံပေ(၁၀x၆၀)၏ မိတ္တူခြမ်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ တစ်ဆင့်ပြန်လည် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်စိန်သန်းရင် ၁၂/လသန(နိုင်)၀၁၀၄၆၁ က ပိုင်ဆိုင်လက်ဝယ်ရှိပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ပြောဆိုကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီတာနှင်းအေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ် -၄၈၅၆၇)**
**အမှတ်(၃၁/က)၊ဟားခါးလမ်း၊ (၇)ရပ်ကွက် ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၈၈၂၇၈၃၇၂၆၊ ၀၉-၄၃၁၉၇၆၃၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းအမှတ်(သမက-၁၅)၊ မြေကွက်အမှတ်(၁၂၁၉/ခ)၊ ပေါင်းကူးလမ်းဟု ခေါ်တွင်သော အကျယ်အဝန်း အလျားxအနံပေ(၂၀x၆၀) ရှိ ဦးလှဦးအမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် ကို ဦးမိုးမြင့်အောင် ၁၁/မပန(နိုင်) ၀၉၄၆၉၄ မှ လက်ဝယ်ပိုင်ဆိုင်လျက် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုဝန်ခံသောကြောင့် ကျွန်ုပ် ဦးသက်ဝေဖြိုးဦး ၇/ကဝန(နိုင်)၁၂၂၅၆၂ က ဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန် - ဦးသက်ဝေဖြိုးဦး**
**၇/ကဝန(နိုင်)၁၂၂၅၆၂**
**ဖုန်း - ၀၉-၇၅၇၀၀၈၆၄၄၊ ၀၉-၄၃၀၅၁၁၃၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃)၊ ရတနာပုံလမ်း၊ မြေကွက်အမှတ်(၁၉/က) ၊ အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ နှစ်(၆၀)ဂရန် ဒေါ်စန်းစန်းလှိုင် အမည်ပေါက်မြေနှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချ ပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးသန့်စံနောင် (၉ /ယဝန(နိုင်)၀၀၀၀၇၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသိန်းစိုးလှိုင် (၁၂/ဥကတ(နိုင်)၁၉၃၂၃၉)က ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက် အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးထိန်လင်းသန်း (LL.B, D.B.L, D.I.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂)

ဒေါ်ပြည့်ပြည့်ဖြိုး (LL.B, D.B.L, D.I.P.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄)

အမှတ်( ၇၂၅ )၊ ပြည်သာယာ(၂) လမ်း၊ (၃၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉




ရှေ့နေရာဇာဇော်ဝင်း

(LL.B.) (WIPO,DL-101 Switzerland)


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံ(Rose Park III)အိမ်ရာစီမံကိန်းရှိ လုံးချင်းတိုက်အမှတ် (70 B2)အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်နိုင်ဦး ၁၂/အစန(နိုင်)၀၀၁၅၂၅ မှာ ကွယ်လွန်သွားခဲ့ပြီဖြစ်ပါသဖြင့် ဇနီးဖြစ်သူ ဒေါ်မော်မော်သိန်း ၉/မမန(နိုင်) ၀၀၀၀၉၅ က ၎င်းအမည်ဖြင့် မြေချပါမစ်ပြုလုပ်ပေးပါရန် ဌာနသို့ တင်ပြ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9P/6179 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ တရော်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၄/တရော်ကုန်း)၊ ဦးပိုင်အမှတ် (၈/၂၃)၊ ဧရိယာ ၀ ဒသမ ၀၂၆ ကေရှိ ဘိုးဘပိုင်မြေသည် အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးမြင့်အေး၊ ဦးအောင်စိုး အမည်ပေါက် အိမ်မြေကွက်ဖြစ်ပြီး ၎င်းတို့အမည်ပေါက် အိမ်မြေကွက်အား ၂၄–၇–၂၀၂၃ ရက်စွဲပါ အရောင်းအဝယ်စာချုပ်အမှတ် (၂၁/၂၀၂၃) အရဦးရဲမင်းသိန်းမှ ၎င်း၏ အမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၃၀ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**

## ဂရန်မူရင်းပယ်ဖျက်ပြီးကြောင်း အသိပေးကြော်ငြာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၆၊ မြေကွက်အမှတ်–၁၆၁၊ မြေကွက်တည်နေရာအမှတ်–၁၆၁၊ အောင်ရတနာ(၁၃)လမ်း၊ (၁၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ရိုစီ ၁၂/ဒဂန(နိုင်)၀၂၆၁၃၄ အမည်ပေါက်နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဒေါ်ရိုစီ ၁၂/ဒဂန(နိုင်) ၀၂၆၁၃၄ မှ မြေငှားစာချုပ် (ဂရန်)အား သိမ်းဆည်းထားရာမှ နေအိမ်အပြောင်းအရွှေ့ကြောင့် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ၊ အမှတ်(၁၆)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မိတ္တူ လျှောက်ထားလာရာတွင် ၂၈–၆–၂၀၂၃ ရက် မြို့တော်သတင်းစာနှင့် ၂၉–၆–၂၀၂၃ ရက် မြန်မာ့အလင်းသတင်းစာတို့တွင် ကြော်ငြာခဲ့ရာ ကန့်ကွက်ချက်မရှိသဖြင့် အမှုတွဲအမှတ်–ဒဂမ/ဂရသ–၂၄၄/၂၀၀၂ အရ ၁၃–၁–၂၀၁၃ ရက်မှစ၍ ဒေါ်ရိုစီ ၁၂/ဒဂန(နိုင်)၀၂၆၁၃၄ အမည်ဖြင့် မူလထုတ်ပေးထားသည့် နှစ်(၆၀) မြေငှားချုပ်(ဂရန်)မူရင်းအား ပယ်ဖျက်ပြီးကြောင်းနှင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း(အောက်) အမှတ်(၉၂–မြေညီထပ်)ရှိ Golden SeaMyamar Co.,Ltd (ရွှေပင်လယ် မြန်မာကုမ္ပဏီလီမိတက်)၏ ပိုင်ရှင်ဖြစ်သူ ဦးသန်းတင် ၁၃/တကန(နိုင်)၁၈၀၁၉၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်–

Golden Sea Myanmar Co.,Ltd (ရွှေပင်လယ်မြန်မာကုမ္ပဏီလီမိတက်)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမားဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုချက် လိုင်စင်အမှတ်–0632004 ဖြင့် ၂၀၀၄ ခုနှစ်မှစ၍ ပြည်ပအလုပ် အကိုင်အကျိုးဆောင်လုပ်ငန်းကို ယနေ့ထိလုပ်ကိုင်နေသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ယခုအခါ မသမာသူအချို့မှ Goden Sea Myanmar Co.,Ltd၏ အမည်၊ Logo၊ လိပ်စာ၊ ဓာတ်ပုံများကိုကူးယူအသုံးပြုလျက် မသိနားမလည်သူများထံမှ ငွေကြေးလိမ်လည် တောင်းခံခြင်းများကို Social Media များဖြစ်သော Facebook Messenger, Viber တို့မှတစ်ဆင့်ပြုလုပ်နေကြောင်း သိရှိရပါသည်။

Golden Sea Myanmar Co., Ltd. သည် ၀၁၈–၃၉၈၂၀၇၊ ၀၁၈–၃၇၉၇၄၁၊ ၀၉–၅၁၈၆၃၁၃၊ ၀၉–၅၀၂၃၉၁၇ ဖုန်းများကိုသာ အသုံးပြုပြီး လုပ်ငန်းနှင့် ပတ်သက်သော ကိစ္စအဝဝကို ဆောင်ရွက်ပါသည်။ အဆိုပါ ဖုန်းများမှလွဲ၍ အခြားဖုန်းများဖြင့် ဆက်သွယ်ခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိခဲ့ပါက Golden Sea Myanmar Co.,Ltd နှင့် မသက်ဆိုင်ကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် အဆိုပါ လိမ်လည်နေသူများကိုလည်း ရှာဖွေဖော်ထုတ်၍ တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | | |
|---|---|---|
| **ဒေါ်ခိုင်လင်းမူ(LL.B)** | **ဦးဇော်ဇော်သိုက် (LL.B)** | **ဒေါ်ခင်ခင်လေး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၀၃၃၅)** | **(စဉ်–၁၅၄၁၇)** | **(စဉ်–၁၅၃၉၄)** |

**အမှတ်(55/B) နှင်းဆီနှင့် သရဖီလမ်းကြား(၂၆)လမ်း၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း–၀၉–၄၃၀၆၈၈၃၈၊ ၀၉–၄၄၈၅၃၉၉၄၄**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ်၊ မိဖုရပ်ကွက်၊ ရွှေသာလမ်း၊ ဦးပိုင်အမှတ်(၁၀၁–ခ)၊ မြေကွက်အမှတ်(၃၆)၊ မြေဧရိယာ ၀ ဒသမ ၄၆ ကေရှိ မြို့မြေဂရန်မြေကွက်သည် စစ်တွေမြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနတွင် ဒေါ်ဆွေဆွေဇင် ၁၁/စတန(နိုင်)၀၈၁၁၄၁ အမည်ပေါက်ဖြစ်ပြီး တရားဝင် ရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ခိုင်လုံသော အထောက်ထားများယူဆောင်လာ၍ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာဌေး LL.B,M.A(Business Law),DBL,DIPL,D.A**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၄၀၃)**
**အမှတ်(၈၅–ဂလွှာ)၊ လှည်းတန်းလမ်း၊ ကမာရွတ်ခရိုင်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၆၅၄၁၁၄၄၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ ဒေါ်ယက်သဲဖြူ ၁၁/စတန(နိုင်) ၀၁၁၇၂၀ က စစ်တွေမြို့၊ စက်မှုရပ်ကွက်(ဆတ်ရိုးကျ)၊ ကွင်းအမှတ်(၅၆၃)၊ သံတာလေကွင်း၊ မြေကွက်အမှတ် (၂၁၀–က)၊ မြေဧရိယာ ၀ ဒသမ ၂၉၀ ကေအား လူနေအိမ်ဆောက်လုပ်နေထိုင်ရန်အတွက် မြေငှားဂရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်တွေမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ ဒေါ်ယက်သဲဖြူ ၁၁/စတန(နိုင်) ၀၁၁၇၂၀ က စစ်တွေမြို့၊ စက်မှုရပ်ကွက်(ဆတ်ရိုးကျ)၊ ကွင်းအမှတ်(၅၆၃)၊ သံတာလေကွင်း၊ မြေကွက်အမှတ် (၂၀၈+၂၀၉)၊ မြေဧရိယာ ၀ ဒသမ ၉၁၈ ကေအား လူနေအိမ်ဆောက်လုပ်နေထိုင်ရန်အတွက် မြေငှားဂရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်တွေမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၀)၊ အကွက်အမှတ် (၁၀/ဃ–အထက–၄အရှေ့)၊ ဦးပိုင်အမှတ် (၂၉၈/၄၀)၊ ဧရိယာ ၀ ဒသမ ၂၂၀ ဧက၊ အမှုတွဲအမှတ် ၁၈၉–၅/၂၀၀၀–၂၀၀၁(အေ)၊ ဦးသက်ဦး ၁၃/လရန(နိုင်)၁၄၁၂၀၉ အမည်ပေါက် မြေကွက်အား ဒေါ်ခင်မျိုးကြည် ၁၃/လရန(နိုင်)၁၀၄၄၉၆ စာချုပ်အမှတ် (၄၁၅၊/၂၀၂၃) ဖြင့် ဒေါ်ခင်မျိုးကြည် ၁၃/လရန(နိုင်)၁၀၄၄၉၆ ထံ ရောင်းချပြီးဖြစ်၍ ဒေါ်ခင်မျိုးကြည်မှ အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့် ရက်မှစ၍ ရက်ပေါင်း (၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်မိုးကျော်ဆန်း (ကိုယ်ပိုင်အမှတ် ၈၃၇၂၀၆)၊ ၈/မလန(နိုင်)၀၂၆၃၆၇ (ဘ)ဦးဆန်းတင့် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၃၃၃၀ အမည်ပေါက်(ကွယ်လွန်)၏တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်စန္ဒာဝင်း ၇/ပခန(နိုင်)၁၈၀၁၃၀ (ဘ)ဦးပေါက်စမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်မိုးကျော်ဆန်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးသိန်းလှိုင် ၆/စကန(နိုင်)၀၁၉၁၉၄၊ ကျွန်မ ဒေါ်တင်တင်ယွေ ၆/ကစန(နိုင်)၀၁၉၁၉၃ တို့၏သား မောင်ရဲသူအောင် ၁၃/လရန(နိုင်)၁၄၉၇၆၃ သည်မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ မိဘများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၁၃–၈–၂၀၂၃ ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ကျွန်တော်၊ ကျွန်မတို့မိဘများ ပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်း အရပ်ရပ်တို့သည် မောင်ရဲသူအောင်နှင့် မည်သို့မျှပတ်သက်ဆက်နွယ်ခြင်းမရှိတော့သည့်အပြင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးသိန်းလှိုင်–ဒေါ်တင်တင်ယွေ**
**ရပ်ကွက်–၉၊ လားရှိုးမြို့**

## ဒေါ်အာရှားဘီ (ဘ) ဦးအီဗရိုင်း (MME-၆၅၀၇၇၄)နှင့် သက်ဆိုင်သူများသိစေရန်ကြေညာချက်

ကျွန်တော် ဦးစိုးသူ (ဘ) ဦးကျော်ဟိန်း ၁၀/မလမ(နိုင်)၂၆၅၈၇၇ အမှတ် (၂၉၀)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အနောက်လမ်း၊ ကွဲခြံကုန်းရပ်ကွက်၊ မော်လမြိုင်မြို့တွင်နေထိုင်သူက အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်တော် ဦးစိုးသူနှင့် ဒေါ်အာရှားဘီတို့မှာ လွန်ခဲ့သော ၅–၆–၂၀၀၉ ရက်တွင် အစ္စလာမ့်တရားတော်နှင့်အညီ နိကာဟ်မင်္ဂလာပြုလုပ် လက်ထပ်ပေါင်းသင်းခဲ့ရာမှ သားသမီး(၄)ဦး ထွန်းကားခဲ့ပါသည်။ လွန်ခဲ့သော ၁၃–၆–၂၀၂၃ ရက်က ဒေါ်အာရှားဘီသည် ပြဿနာတစ်စုံတစ်ရာမရှိပါဘဲလျက် နေအိမ်မှထွက်သွားခဲ့ပြီး ယနေ့အချိန်ထိ ပြန်လည်ရောက်ရှိလာခြင်းမရှိပါ။ ကျွန်တော်မှ လိုက်လံစုံစမ်းရာ ပြည်ပသို့ ထွက်ခွာသွားကြောင်း စုံစမ်းသိရှိရပါသည်။ ထို့ကြောင့် ဒေါ်အာရှားဘီအနေဖြင့် ယခုကြေညာချက်ပါသည့်ရက်မှစ၍ တစ်လပြည့်သည့် ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး ဒေါ်အာရှားဘီမှ ကျွန်တော်နှင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒရှိ/မရှိနှင့် မိသားစုနှင့်အတူ ပြန်လည် နေထိုင်လိုစိတ် ရှိ/မရှိ ကိစ္စတို့အား အတိအလင်းလာရောက်ဖြေရှင်းပေးရန်နှင့် သတ်မှတ်ရက် တစ်လကျော်လွန်ပါက ကျွန်တော်နှင့် ဒေါ်အာရှားဘီတို့မှာ တရားဝင်လင်ခန်းမယားခန်း ပြတ်စဲပြီးဖြစ်ကြောင်းနှင့် နောက်နောင် ကျွန်တော်တို့မိသားစုနှင့် လာရောက်ပတ်သက်ဆက်နွယ်ခြင်းများမပြုလုပ်ပါရန် ဒေါ်အာရှားဘီနှင့် သက်ဆိုင်သူများသိရှိရန်အတွက် အတိအလင်း ကြေညာအပ်ပါသည်။

**ဦးစိုးသူ**
**၁၀/မလမ(နိုင်)၂၆၅၈၇၇**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ဟိုပန်မြို့၊ မန်ခွန်ရပ်ကွက်တွင် နေထိုင်သော ကျွန်တော် ဦးဩလိန် (ခ)ဦးဆန်အိုက် ၁၃/ဟပတ(နိုင်) ၀၀၂၀၃၈ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်သတင်း အချက်အလက်နည်းပညာတက္ကသိုလ်(UIT) ဒုတိယနှစ်သင်တန်း တက်ရောက်နေသော မပြည့်ပြည့် (သနတ–၁၅၈၆) ၉/တကန(နိုင်)၂၂၉၅၇၆ ၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာထွန်း(ခ)ဦးကျော်ကျော်ထွန်း ၁၂/မဘန(နိုင်)၀၉၄၀၀၀ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် CC/2271 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၇/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၃၉)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ကေရှိမြေကွက်အား မြေငှားဂရန်သစ် လျှောက်ထားနိုင်ရေး ဦးအေးကို ၅/ဘတလ(နိုင်)၀၄၃၆၁၈ မှဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

အောင်လံမြို့၊ သရက်တောရပ်ကွက်၊ အကွက်အမှတ် (၁/သရက်တော)၊ ဦးပိုင်အမှတ် (ဃ/၂၅၉)၊ ဧရိယာ ၀ ဒသမ ၀၃၂ ကေရှိ ဘိုးဘပိုင်မြေသည် အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးဘစောမြင့်ပါ(၃)ဦး အမည်ပေါက် အိမ်မြေကွက်ဖြစ်ပြီး ၎င်းတို့အမည်ပေါက် အိမ်မြေကွက်အား ၂၂–၆–၂၀၂၃ ရက်စွဲပါ စွန့်လွှတ်စာချုပ်အမှတ် (၁၈/၂၀၂၃) အရ ဦးသိန်းလွင်မှ ၎င်း၏ အမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၃၀ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ ခံဘူးကျေးရွာနေ ဦးမောင်ညို၏သမီး ဒေါ်သင်းသင်း ၉/ရမသ(နိုင်) ၁၂၃၈၃၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇–၅–၁၉၈၄ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

တောင်သာမြို့၊ တောင်သာ အထက Grade–10မှ မောင်ချစ်သော်၏ မိဘအမည်မှန်မှာ ဦးသန်းလွင် ၉/တသန(နိုင်)၀၆၄၄၀၅၊ ဒေါ်စန်းစန်းမြင့် ၉/တသန(နိုင်)၀၆၈၉၅၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သနပ်ပင်မြို့နယ်၊ အထက တောင်ဘက်ကမ်း Grade–9 မှ မောင်အောင်မြတ်ကျော်၏ ဖခင်အမည်မှန်မှာ ဦးစိုးထွန်းနိုင် ၇/သနပ(နိုင်)၀၉၄၁၁၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ အထက(၃)၊ Grade–12 မှ မောင်ဇော်မျိုးနိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်းဦး ၉/ပမန(နိုင်)၁၈၀၄၃၃ ဖြစ်ပါကြောင်း။

**ဦးကျော်ထွန်းဦး**

## ပျောက်ဆုံးကြောင်း

ရမည်းသင်းမြို့နယ်၊ အင်းဇင်းကျေးရွာနေ ဦးဝင်းဇော်၏သား ဦးအောင်ကိုဇော်၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၈၁၈၈၉၄၃၁**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ထနောင်ကုန်း အထက(ခွဲ)ကျောင်း Grade–5 မှ မဖြူဖြူခင်၏ဖခင် ဦးဟန်စိန်၏ အမည်မှန်မှာ ဦးညီညီ ၉/ရမသ(နိုင်)၁၄၆၂၈၁ ဖြစ်ပါကြောင်း။

**ဦးညီညီ**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းဝင်အမှတ်–၁၁၄၈၉ Grade–11မှ မသဲဆုလှိုင်၏ အမည်မှန်မှာ မသဲစုလှိုင်ဖြစ်ပြီးဖခင် ဦးဆန်းယု၏ အမည်မှန်မှာ ဦးစန်းယု ၁၄/ဒဒရ(နိုင်)၁၀၃၉၈၄ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးသောင်းကြည်–ဒေါ်အေးသက်မူတို့၏သမီး ဒေးဒရဲမြို့နယ်၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းဝင်အမှတ်–၁၁၄၇၈၊ Grade–11(B) မှ မအိန္ဒြာရွှေဇင်၏ မွေးသက္ကရာဇ်အမှန်မှာ ၉–၄–၂၀၀၆ ဖြစ်ပါကြောင်း။

၉–၄–၂၀၀၆

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

(ဘ)ဦးထွန်းရွှေ–(မိ)ဒေါ်ယဉ်ယဉ်မေတို့၏သမီး မဇင်မာဝေ ၁၄/ဟသတ(နိုင်)၂၂၁၃၆၀ သည် မိဘများ၏ ဆိုဆုံးမစကားကို အကြိမ်ကြိမ်မနာခံပါသဖြင့် သမီးအဖြစ်မှစွန့်လွှတ်၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်။**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ဇင် ၉/မခန(နိုင်)၂၉၉၅၁၃ ၏ နိုင်ငံကူးလက်မှတ် MG-061253 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၉၈၀၁၂၀၂၅

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆတ်ရိုးကျကယ်ဆယ်ရေးအကွက်(၂)နေ ဦးဟန်ထွန်း ၁၁/မပန(နိုင်)၀၈၄၄၃၀ ၏ သမီး အထက(၅) Grade-12 အခန်း (၁)မှ မချစ်စုဝေ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၃-၂၀၀၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အထက(၂) Grade-11(C)မှ မသဒ္ဒါချိုချို၏ ဖခင်အမည်မှန်မှာ ဦးအောင်ကီး ၁၃/တကန(နိုင်)၀၉၂၉၄၁ ဖြစ်ပါကြောင်း။

**ဦးအောင်ကီး**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၈-၂၀၂၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၅)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်သက်သက်မွန်၊ အထက်တန်းရှေ့နေ ဦးသူထက်ကျော်လွင်တို့၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ် စာသားအား **သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်(၅၄)၊ မြေတိုင်းရပ်ကွက်အမှတ်-၅၄၊ မြေကွက်အမှတ်-၄၄၃(က)၊ ဖွဲ့ကပင်(၅)လမ်း၊ ဧရိယာ (၀.၀၂၉)ကေရှိ ဦးသန်းငွေ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်၊ အကျယ်အဝန်းပေ(၂၀x၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်အခြမ်း၊ အကျယ်အဝန်း (၁၀ပေxပေ၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဒေါ်မွှေးမွှေးပြုံး (၁၂/ဒဂတ(နိုင်) ၀၆၂၂၆၇)မှ အရပ်ကတိအရောင်းအဝယ်အဆက်အစပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားသူဖြစ်ကြောင်း၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ထက်ဦး (၁၂/သဃက(နိုင်)၁၉၃၂၉၈)နှင့် ဒေါ်မြသီရိဝေ (၁၂/ဒဂတ(နိုင်)၀၅၆၀၈၇)တို့မှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤသတင်းစာကြေညာပါရှိသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ထက်ဦးနှင့် ဒေါ်မြသီရိဝေ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးရဲအောင်နိုင်ထူး** | **ဒေါ်ဖြိုးပိုပို** |
| **LL.B (စဉ်-၃၃၀၄၆)** | **LL.B(စဉ်-၅၄၁၆၈)** |
| **WIPO (Switzerland)** | **WIPO (Switzerland)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ဖုန်း-၀၉-၇၉၁၆၈၆၃၃၄၊ ၀၉-၄၅၀၀၄၅၁၈၇**

## ဦးသိန်းလင်းဇော် (၁၂/ပဇတ(နိုင်)၀၀၈၆၈၅) ZMH Group of Companies Ltd နှင့် အများသိစေရန်

မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (MLCA)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူနှင့်အများသိစေရန် ကြေညာအပ်ပါသည်-

နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်(MLCA) တို့ချုပ်ဆိုသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာ (4 U 4 S) (2 Bed) သံကူကွန်ကရစ် အဆောက်အအုံ အိမ်ခန်းပေါင်း(၃၀၀၀) တည်ဆောက်ခြင်းစီမံကိန်းလုပ်ငန်းသဘောတူစာချုပ်အရ ပျဉ်းမနား-တောင်ညိုလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်တွင် တည်ဆောက်မည့် သုခတော်ဝင်အိမ်ရာ အဆောက်အအုံ (၉၆)လုံးကို မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (MLCA)မှ လုပ်ကိုင်ခွင့်ရရှိခဲ့ရာ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (MLCA)သည် ဦးသိန်းလင်းဇော်၏ ZMH Group of Companies Limited နှင့် အဆောက်အဦအမှတ် (S4)၊ (S5) နှင့်(S6)တို့အားတည်ဆောက်ရန်နေပြည်တော်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ၊ (၄)ထပ် (4 U 4 S) (2 Bed) သံကူကွန်ကရစ် အဆောက်အအုံများ တည်ဆောက်ခြင်း ဆိုင်ရာလုပ်ငန်းအပ်နှံ၊ လက်ခံခြင်း၊ သဘောတူကတိစာချုပ်ကို (၁၃-၇-၂၀၂၀)ရက်တွင် ချုပ်ဆိုခဲ့ပါသည်။

ထိုသို့ စာချုပ်ချုပ်ဆိုပြီးနောက် ဦးသိန်းလင်းဇော်အနေဖြင့် ဆောက်လုပ်ရန်တာဝန်ယူထားသည့် အဆောက် အအုံ (၃)လုံးအနက် အမှတ် (S5) အား နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ စစ်ဆေးရာတွင် ဆက်လက်ဆောက်လုပ်ခြင်းမရှိဘဲ ရပ်ဆိုင်းနေသဖြင့် (MLCA) အသင်းချုပ်အနေဖြင့် တခြားဆောက်လုပ်မည့် ကန်ထရိုက်တာကုမ္ပဏီအား ပြောင်းလဲဆောက်လုပ်စေခဲ့ရပါသည်။ ထို့အပြင် ကျန်အဆောက်အအုံအမှတ် (S4) နှင့် (S6) တို့ကိုလည်း စာချုပ်တွင် သတ်မှတ်ထားသည့်အတိုင်း ပြီးစီးအောင် ဆောက်လုပ်ခြင်းမရှိ၍ (MLCA) အသင်းချုပ်မှလွှဲအပ်ညွှန်ကြားချက်အရ ရှေ့နေမှတစ်ဆင့် (၉-၆-၂၀၂၃)ရက်စွဲဖြင့် ဦးသိန်းလင်းဇော်ထံ အကြောင်းကြားနို့တစ်စာများ ပေးပို့ခဲ့သော်လည်း ယင်းစာအား လက်ခံရယူခြင်းမရှိသဖြင့် “လိပ်စာရှင်ခရီးသွားပြန်ရက်မသိ၊ အိမ်ရှိလူမှမယူ” ဟူသော မှတ်ချက်ပြုကာ သက်ဆိုင်ရာ စာတိုက်လုပ်ငန်းမှ ပြန်လည် ပေးပို့ခဲ့ပါသည်။ ထို့အတွက် ဦးသိန်းလင်းဇော် ထံသို့ ရှေ့နေမှတစ်ဆင့် (၂၈-၆-၂၀၂၃) ရက်စွဲဖြင့် အကြောင်းကြားနို့တစ်စာထပ်မံပေးပို့ခဲ့ပြီး အဆောက်အအုံများအား သတ်မှတ်ရက်အတွင်း ပြီးစီးအောင် ဆောက်လုပ်ရန် တောင်းဆိုခဲ့သော်လည်း ဆောက်လုပ်ခဲ့ခြင်းမရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်အနေဖြင့် မလွှဲမရှောင်သာဘဲ ဦးသိန်း လင်းဇော်၏ ZMH Group of Companies Ltd အား နာမည်ပျက်စာရင်း (Black List) ထည့်သွင်း ကြေညာကာ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့်အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းလှိုင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ/စဉ် - ၇၃၅၆/(၈.၂.၂၀၀၅)**
**အမှတ်(၉/၁၁) - မြေညီ၊ ၃၆ လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၂၆၉၂၇**

# (၁၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

# ဒေါ်စန်းစန်းရီ

## (၂၁-၈-၂၀၁၂) မှ (၂၁-၈-၂၀၂၃)

ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၂၁-၈-၂၀၂၃ရက်တွင် (၁၁)နှစ်ပြည့်သွားပြီဖြစ်သော်လည်း ယနေ့ထိတိုင် လွမ်းဆွတ်သတိရလျက်ရှိဆဲပါ၊ လစဉ် (၂၁)ရက်နေ့တိုင်းလည်း လစဉ်မပြတ်အမေ့အတွက် ရည်စူးကုသိုလ်အလှူများ ပြုလုပ်ပေးခဲ့တာ (၁၁)နှစ်တိုင်ခဲ့ပါပြီ။ ယနေ့ (၂၁-၈-၂၀၂၃)ရက်မှာလည်း အမေကွယ်လွန်တာ (၁၁) နှစ်ပြည့်ရည်စူးအလှူအဖြစ် တောင်ဒဂုံ၊ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်မှ သံဃာတော်အပါး (၂၀၀)တို့အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတော်အသုံးအဆောင်ပစ္စည်းများဖြစ်သော သင်္ကန်း၊ ထီး၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဂျုတ်စသော ပစ္စည်းများ၊ ဆေးဝါးများ၊ အာဟာရဖြစ်ဖွယ်စားစရာများ၊ အားသွင်းမီးလုံးများ၊ စာအုပ်၊ ဘောပင်များ စသည်တို့ကို လှူဒါန်းပေးခဲ့ပါတယ်။ ကျေးဇူးရှင် ဖခင်ကြီးလည်း မြင့်မြတ်သောဘုံဘဝကိုရောက်ရှိသွားတာ (၂)နှစ်ပြည့်ပြီး သွားပြီဖြစ်ပါတယ်။ အဖေနှင့်အမေတို့ လှူဒါန်းခဲ့ကြသော ထာဝရအလှူများကိုလည်း ဆက်လက်လှူဒါန်းပေးသွားပါ့မယ်။ အဖေနဲ့အမေတို့ ကိုယ်တိုင်ပြုလုပ်ခဲ့ကြတဲ့ ကုသိုလ်ကောင်းမှုများနှင့် ကျန်ရစ်သူသားသမီးမြေးများမှ ပြုလုပ်ပေးတဲ့ကုသိုလ် ကောင်းမှုများအားလုံးကို ရရှိသိမြင်ခံစားနိုင်ကြရပြီး သာဓုခေါ်ဆိုနိုင်ပါစေ။

**အဖေနဲ့ အမေကို ချစ်သော သားသမီးများနှင့်**
**ဘိုးဘိုးကြီးနှင့် ဘွားဘွားကြီးကို ချစ်သောမြေးများ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/5003, Suzuki Carry Pickup (4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဦး ၉/ခအဇ(နိုင်)၀၀၇၈၄၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/2095, DAIHATSU HIJET S 320V, VAN (4X2)R ယာဉ်လက်ဝယ်ရှိသူဒေါ်စုစုလှိုင် ၉/မကန(နိုင်)၀၈၉၃၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ် (၂၀အေ/၆-၁)၊ ဧရိယာ (၀.၀၆၀)ကေရှိ(မြေပိုင်မြေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၀၁/F-1)၊ တီစီစီရိပ်သာ၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမိုးဟန် (၁၂/ဗဟန(နိုင်)၀၅၆၅၉၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်သင်း(၁၂/ဥကတ(နိုင်)၀၅၆၈၃၀)က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၁၁)**
**အမှတ် (၁၅)၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၀၄၂၂၉၆**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့၊ ဈေးတန်းရပ်ကွက်နေ ဦးစိုင်းဆမ်-ဒေါ်နန်းနွန်းတို့၏သမီး နန်းစမ်ခမ်း (၁၃/မယန(နိုင်) ၀၀၈၆၉၇)သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များအား ဆောင်ရွက်ပြီး မိမိသဘောဖြင့်နေအိမ်မှ(၂၇-၇-၂၀၂၃)ရက်တွင် အိမ်ပေါ်မှ ဆင်းသွားခဲ့ပါသည်။ ထို့ကြောင့်သမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါကြောင်းနှင့် သူမ၏ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစိုင်းဆမ်-ဒေါ်နန်းနွန်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသိင်္ဂီလမ်း၊ တိုက်အမှတ် (၉-စီ)၊ အခန်းအမှတ်(၃၀၄)၊ တတိယထပ်(၄)လွှာ-ခြေရင်းခန်း(တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်အစွန်ခန်း)၊ အကျယ်အဝန်း (၁၅ပေx၅၅ပေ)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မူလပိုင်ရှင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်မှ စာချုပ်စာတမ်းအဆက်ဆက်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးပြည့်ဇင်သန့် (၁၂/သဃက(နိုင်)၁၆၄၁၈၀)နှင့် ဒေါ်ခြူးသဥ္ဇာမောင် (၁၂/တမန(နိုင်)၁၁၀၀၁၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန့်ဇင်ဦး (၁၄/ပသန(နိုင်)၀၅၂၄၁၃)က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဝင်း(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၁၀) (၂၉-၇-၂၀၁၄)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၁၉၇၄၅**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

ကလောမြို့၊ အမှတ်(၁)ရပ်ကွက်နေ(ဘ) ဦးခင်မောင်ဦး၏သမီးဖြစ်သူ ဒေါ်မေသန့်ဇင်(၉/မထလ (နိုင်)၁၆၉၉၀၂)နှင့် ဒေါ်ချောစုလွင်(၉/မထလ (နိုင်)၁၆၉၉၀၃) ကိုင်ဆောင်သူတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသန့်ဇင်နှင့်ဒေါ်ချောစုလွင်တို့က ကလောမြို့နယ်၊ အင်းပြင်ကျေးရွာ၊ သတအမှတ်(၂၂၆)၊ အလျား- (၃၂)ပေ၊ အနံ-(၃၀)ရှိမြေပေါ်တွင်ဆောက်လုပ်ထားသော(၂)ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (ဘ)ဦးစောကမာ၏သမီး ဒေါ်နော်ကပေါ်စေး(၁၃/ကလန(နိုင်)၀၆၅၃၆၄)ထံမှ ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အပြီးသတ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူရှိပါက စာရွက်စာတမ်း အထောက်အထားများဖြင့် (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ချက်အရ -** |
| **ဒေါ်မေသန့်ဇင်၊ ဒေါ်ချောစုလွင်** | **ဒေါ်ဇင်မာလွင် (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၂၅)** |
| | **အခန်း-၁၁၊ ရဲစခန်းတိုက်တန်း၊** |
| | **အမှတ်(၅)ရပ်ကွက်၊ ကလောမြို့။** |
| | **ဖုန်း-၀၉-၄၂၈၃၂၇၄၅၁** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/62059, Kamax-110,M/C ယာဉ်လက်ဝယ်ရှိသူ Kamax Group Myanmar Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8A/4803, TOYOTA LITEACE KM51, Pickup(4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းငြိမ်းအိ ၉/တတဥ(နိုင်)၁၁၁၃၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## တရားဝင်လင်မယားအဖြစ် ယနေ့တိုင်တည်မြဲလျက်ရှိကြောင်း ဦးမောင်မောင်စန်း (၁၂/ဗဟန(နိုင်)၀၄၇၈၆၄)နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းမြင့်နှင့် ဒေါ်စိန်လှိုင်တို့၏သမီး ဒေါ်စိုးစိုးသွင် (၁၂/ဗဟန (နိုင်) ၀၈၀၆၂၀) အမှတ် (၇၃၂)၊ စံပယ်မြိုင်လမ်း၊ (၅၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ခေတ္တ -အမေရိကန်) နိုင်ငံတွင် နေထိုင်သူမှ ပြောဆိုရေးသားပေးပို့ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးလှမောင်နှင့် ဒေါ်ချောချောတင်တို့၏ သားဖြစ်သူ ဦးမောင်မောင်စန်း (၁၂/ဗဟန (နိုင်) ၀၄၇၈၆၄) တို့သည် (၈-၁၀-၁၉၈၀)ရက်က တရားဝင်လက်ထပ်ထိမ်းမြားခဲ့ကြပြီး (၄၁)နှစ်အရွယ် သမီးမဖြူဖြူသင်း တစ်ဦး ရှိပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးမောင်မောင်စန်းတို့မှာ မည်သည့်အချိန်ကမျှ ကွာရှင်းထားခြင်း၊ ကွာရှင်းစာချုပ်၌ လက်မှတ်ရေးထိုးထားခြင်း လုံးဝမရှိပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးမောင်မောင်စန်းတို့မှာ ယနေ့တိုင်တရားဝင်လင်မယားအဖြစ် တည်မြဲလျက်ရှိနေပါသည်။ ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ စာချုပ်စာတမ်းများ မမှန်မကန်ပြုလုပ်၍ ကျွန်ုပ်၏လက်မှတ်တုပရေးထိုးခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါကဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဘက်က ဦးမောင်မောင်စန်းနှင့် မည်သည့်အကြောင်းကိစ္စနှင့်မျှ ကွာရှင်းထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်စိုးစိုးသွင်** | **ဒေါ်အေးအေးစိန်** |
| **၁၂/ဗဟန(နိုင်)၀၈၀၆၂၀** | **LL.B, DBL, DML, DA.PSY** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၅၈၈၀)** |
| | **ဖုန်း- ၀၉-၉၅၉၇၂၇၆၅၇** |

## အလိမ္မာ စာမှာရှိ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **"ပညာရေးဆိုသည်မှာ အမျိုးမျိုးသောသင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့် ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးများ" ဟု ဖွင့်ဆိုသည်ကိုလည်း တွေ့ရ...**

❖ **လူတစ်ယောက်သည် ပညာကို မွေးကင်းစအရွယ်ကတည်းကစပြီး ဘဝတစ်သက်တာ သင်ယူလေ့လာနေကြရခြင်းဖြစ်...**

❖ **ပညာကို သင်ယူလေ့လာထားသည့် လူတစ်ဦးချင်းစီသည် မိမိတတ်မြောက်ထားသည့် ပညာနှင့်ဘဝကို ပြည့်စုံအောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး လူ့အသိုက်အဝန်းကို အထောက်အကူပြုစေနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



## မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးတွင် ထွန်းထွန်းမင်းနှင့် သွေးသစ်ဝင်းလှိုင် ပူးတွဲသရေကျ

**ရန်ကုန် ဩဂုတ် ၂၀**

အဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ယနေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

၈၀ ကီလိုတန်း ပွဲစဉ်တွင် ထွန်းထွန်းမင်းနှင့် သွေးသစ်ဝင်းလှိုင်တို့ တွဲဆိုင်းယှဉ်ပြိုင်ထိုးသတ်ကြပြီး ထွန်းထွန်းမင်းက ထိုးနေကျပုံစံအတိုင်း အားပါသော လက်သီးထိုးချက်၊ ခြေကန်ချက်များဖြင့် တိုက်စစ်ဆင်ထိုးသတ်ခဲ့ကာ သွေးသစ်ဝင်းလှိုင်ကလည်း အမှားကိုစောင့်ကာ ထောက်လက်သီး၊ ဝိုက်လက်သီးများဖြင့် တန်ပြန်ထိုးသတ်ခဲ့သည်။ (ဝဲပုံ) နှစ်ဦးစလုံး ထိုးကွင်းထိုးကွက် သတ်ကွင်းသတ်ကွက် အစုံအလင်ဖြင့် ပညာကုန်ထုတ်ယှဉ်ပြိုင်ခဲ့ကြ၍ ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သော်လည်း ငါးချီပြီးဆုံးသည်အထိ အနိုင်အရှုံးမပေါ်ဘဲ ပူးတွဲသရေသာ ဖြစ်ခဲ့သည်။

ယခုနှစ် ဇန်နဝါရီလတွင် ပထမအကြိမ် ထိုးသတ်ခဲ့စဉ်က သွေးသစ်ဝင်းလှိုင်က အမှတ်ဖြင့် အနိုင်ရရှိထားခဲ့ခြင်းကြောင့် မြန်မာပြည်ချန်ပီယံအသစ်ထွက်ပေါ်ခဲ့ခြင်းမရှိကြောင်း သိရသည်။ ၇၅ ကီလိုတန်း ပွဲစဉ်တွင် ထွန်းမင်းအောင် (မြန်မာ) နှင့် Tokeshi (ဂျပန်)တို့ တွဲဆိုင်းယှဉ်ပြိုင်ထိုးသတ်ကြပြီး ထွန်းမင်းအောင်က ခြေကန်ချက်၊ ဒူးတိုက်ချက်များဖြင့် တရစပ် တိုက်စစ်ဆင် ယှဉ်ပြိုင်ခဲ့ပြီး Tokeshi ကလည်း တံတောင်ရိုက်ချက်၊ *စာမျက်နှာ ၁၅ ကော်လံ ၅* ✻

*စာမျက်နှာ ၁၅ ကော်လံ ၅*

### ယနေ့ သတင်းအညွှန်း

**ပြည်ပသို့ထွက်ခွာမည့်သူများအတွက် အသေးသုံး နိုင်ငံခြားငွေ ငွေသားများ ဝယ်ယူနိုင်ရန် အသိပေးကြေညာချက်**

ပြည်တွင်းသတင်း စာ ၂

**ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ဒဏ်သင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ တတိယအကြိမ်မြောက် ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်**

ပြည်တွင်းသတင်း စာ ၁၀

**လာအိုနိုင်ငံ၌ အလုပ်သမားများအတွက် အောက်တိုဘာ ၁ ရက်မှစကာ အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်ပေးမည်**



နိုင်ငံတကာသတင်း စာ ၁၃

## အင်္ဂလန်ကို အနိုင်ရပြီး စပိန်အသင်း အမျိုးသမီးကမ္ဘာ့ဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူး

၂၀၂၃ ခုနှစ် ဖီဖာအမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၂၀ ရက် ညနေ ၄ နာရီခွဲက ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ Stadium Australia ကွင်း၌ သမိုင်းမှတ်တိုင်သစ်စိုက်ထူနိုင်ရေး အင်္ဂလန်အသင်းနှင့် စပိန်အသင်း ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်အသင်းက ပွဲချိန် ၂၉ မိနစ်တွင် ရရှိခဲ့သော ကာမိုရာ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရှိပြီး အသင်းသမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားကို ပထမဆုံးအကြိမ် ကိုင်မြှောက်ခွင့်ရရှိခဲ့သည်။



စပိန်အသင်း ကမ္ဘာ့ဖလားနှင့်အတူ အောင်ပွဲခံနေစဉ်။

အဆိုပါ ပွဲစဉ်သို့ ပရိသတ် ၇၅၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ အင်္ဂလန်အသင်းသည် ယနေ့ပွဲစဉ်တွင် ပုံမှန်ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ပွဲချိန်အများစုတွင် ပြိုင်ဘက်စပိန်အသင်း၏ ဖိအားပေး တိုက်စစ်ဆင်မှုများကိုသာ ခုခံကာကွယ်ခဲ့ရသည်။ ထို့ပြင် စပိန်အသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေး ဖန်တီးမှုနှင့် ဂိုးပေါက်ခြိမ်းမှုတို့တွင်လည်း အင်္ဂလန်အသင်းထက် သိသိသာသာ အသာရခဲ့သည်။

အင်္ဂလန်အသင်းသည် ဒုတိယပိုင်းတွင် အားထားရသည့် တိုက်စစ်ကစားသမား လော်ရန်ဂျိမ်းစ်နှင့် ကယ်လီတို့ကို ထည့်သွင်းအသုံးပြုခဲ့သော်လည်း လိုအပ်သည့် *စာမျက်နှာ ၁၅ ကော်လံ ၄* ○

*စာမျက်နှာ ၁၅ ကော်လံ ၄*